# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၀၉၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool တို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ

## ရုရှားနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနေမှုကို လာရောက်လေ့လာခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**

**နိုင်ငံတကာလေ့လာစောင့်ကြည့်အဖွဲ့များ၏ မြန်မာနိုင်ငံရွေးကောက်ပွဲအပေါ် သဘောထားမှတ်ချက်များပေးခြင်းအခမ်းအနားတွင် ပြောကြားသည့် နိုင်ငံတကာ တာဝန်ရှိသူများ၏ သဘောထားမှတ်ချက်များ** ပြည်တွင်းသတင်း | စာ ၅

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်** ပြည်တွင်းသတင်း | စာ ၁၂

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပခဲ့မှုကို နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့်အတူ လေ့လာခဲ့ရမှုနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွတ်လပ်တက်ကြွစွာဖြင့် ဆန္ဒမဲများပေးနေမှုကို မျက်မြင်တွေ့ရှိခဲ့ရမှု အခြေအနေများ၊ ရွေးကောက်ပွဲမှတစ်ဆင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များ ထွက်ပေါ်လာခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်ကျန်ရှိနေသည့် မြို့နယ်များအား အပိုင်းအလိုက် ဆက်လက်ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ကာကွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ဦးမြင့်ဆွေအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်စပ်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက်ပြန်အစားထိုးရန် သတ်မှတ်သည့်လက်ကျန်ရက်အား ပြင်ဆင်သတ်မှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များ ကြားရှိ ရုံးဖွင့်ရက်များကို တစ်ဆက်တည်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသွားခဲ့ပြီး စနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်ပေးခဲ့သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့) နှင့် ၂၈ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ ဒီဇင်ဘာ ၂၆ ရက်ကို ရုံးပိတ်ရက်အဖြစ်သတ်မှတ်ကာ တစ်ဆက်တည်းရုံးပိတ်ရက် ၄ ရက်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့)ကို အစားထိုးရုံးတက်ရက်အဖြစ်သတ်မှတ်ခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက် (စနေနေ့)သည် နိုင်ငံတကာနှစ်သစ်ကူးရုံးပိတ်ရက်များနှင့် လွတ်လပ်ရေးနေ့ရုံးပိတ်ရက်အကြားရှိ ကြားရက်ဖြစ်နေခြင်း၊ နိုင်ငံတကာနှစ်သစ်ကူးရုံးပိတ်ရက်ကာလနှင့် တစ်ဆက်တည်းဖြစ်နေခြင်း၊ လွတ်လပ်ရေးနေ့အကြိုကာလဖြစ်နေခြင်းတို့ကြောင့် စနေနေ့အစားထိုးရုံးတက်ရက်အား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့)အစား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက် (စနေနေ့)ကို ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ ကျင်းပပြီးစီးခဲ့သည့် အပိုင်း(၁)ရွေးကောက်ပွဲသို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဖိတ်ကြားထားသော ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲ လာရောက်စောင့်ကြည့်လေ့လာခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara–Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူး ကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနမှ Ms. Chen Xuanbo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန် နိုင်ငံရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် Mr. YICH Samethy ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ နိုင်ငံတကာဆက်ဆံရေး အကြီးအကဲ Mr. Nguyen Duc Thinh ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နှင့် ဂျပန်–မြန်မာအသင်းမှ Mr. Yusuke WATANABE ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူ များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြ သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမှ လာရောက် လေ့လာမှုအတွက် ဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီး ခေါ်ယူဖွဲ့စည်းနိုင်ရန်နှင့် လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေး ဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများဖြင့် အစိုးရအဖွဲ့တာဝန်ပေးအပ်နိုင်ရေး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးပါကြောင်း၊

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် နိုင်ငံ အတွက် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ် မှန်ကန်မှု၊ ဂုဏ်သိက္ခာရှိမှု၊ ယုံကြည်စိတ်ချရမှုတို့အတွက် စောင့်ကြည့် လေ့လာသူများအဖြစ် ပါဝင်ခဲ့ကြသည့် အဆွေတော်တို့၏ အခန်းကဏ္ဍ သည် အလွန်ပင် အရေးကြီးပါကြောင်း၊ အဆွေတော်တို့၏ပါဝင်မှုသည် ဒီမိုကရေစီလုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှုနှင့် တရားမျှတမှု၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုတို့၏အရေးပါပုံကို မီးမောင်းထိုးပြလျက် ရှိပါကြောင်း၊ အဆွေတော်တို့၏ လေ့လာတွေ့ရှိမှုနှင့် အကြံပြုချက်များ သည် ပြည်သူလူထု၏ယုံကြည်မှုကို ခိုင်မာစေပြီး ဒီမိုကရေစီစနစ် တိုးတက်ထွန်းကားရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊

မိမိတို့နိုင်ငံ၏နိုင်ငံခြားရေးမူဝါဒသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံ အချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး အဆိုပါအချက်အပေါ်အခြေခံ၍ နိုင်ငံအချင်းချင်း ချစ်ကြည် ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊

အဆွေတော်တို့၏ မြန်မာနိုင်ငံအပေါ် သမာသမတ်ကျစွာ ထောက်ခံ ရပ်တည်ပေးမှုတို့သည် တန်ဖိုးမဖြတ်နိုင်သော မိတ်ဆွေရင်း၊ ညီအစ်ကို စိတ်ဓာတ်များဖြစ်၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ များစွာကျေးဇူး တင်ပါကြောင်း၊ အဆွေတော်နိုင်ငံတို့နှင့် မြန်မာနိုင်ငံတို့သည် အစိုးရ အချင်းချင်း ဆက်ဆံရေးသာမက နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်း ဆက်ဆံ ရေးသည်လည်း မိတ်ဆွေအရင်းအချာနိုင်ငံများအဖြစ် ဆက်လက်တည်ရှိ နေမည်ဖြစ်ပါကြောင်း၊

အဆွေတော်တို့အနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ခြင်း နှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်များ ပွင့်ပွင့်လင်းလင်း ဆွေးနွေး ပေးရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ လေ့လာတွေ့ရှိမှုများ၊ အကြံပြုချက်များ နှင့် ဆွေးနွေးမှုများကို ပျော်ရွှင်ဝမ်းမြောက်စွာ လက်ခံလိုပါကြောင်း၊ အဆွေတော်တို့၏ သဘောထားအမြင်များကို လက်ခံရရှိပြီး နောင်တွင် ယခုထက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ရှာဖွေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ နှင့် ကမ္ဘောဒီးယားနိုင်ငံ တို့မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့မှုအခြေအနေများကို မှတ်ချက်ပြုပြောကြား ခဲ့သည်။ **(ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှု အခြေအနေ မှတ်ချက်ပြုပြောကြားချက်အပြည့်အစုံကို စာမျက်နှာ–၅ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ လာရောက်စောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ နေပြည်တော်လေဆိပ်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြီးစီး ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲ အပိုင်း(၁)သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ များသည် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ် မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည် တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေ နှင့်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**လေကြောင်းဖြင့် အသီးသီးထွက်ခွာ**

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတကာ ရေးရာဌာနမှ Ms. Chen Xuanbo ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. YICH Samethy ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ နိုင်ငံတကာ ဆက်ဆံရေးအကြီးအကဲ Mr. Nguyen Duc Thinh ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အငြိမ်းစား ဗိုလ်ချုပ် Mr. Sahni Arun Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမား လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E Mr. Sholban Kara–Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် Mr. Igor Borisov ဦးဆောင်သည့် ကိုယ်စား လှယ်အဖွဲ့တို့သည် ညနေ ၆ နာရီ မိနစ် ၂၀ တွင်လည်း ကောင်း လေကြောင်းခရီးဖြင့် အသီးသီးထွက်ခွာခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# နိုင်ငံတကာလေ့လာစောင့်ကြည့်အဖွဲ့များ၏ မြန်မာနိုင်ငံရွေးကောက်ပွဲအပေါ် သဘောထားမှတ်ချက်များပေးခြင်း အခမ်းအနားတွင် ပြောကြားသည့် နိုင်ငံတကာတာဝန်ရှိသူများ၏ သဘောထားမှတ်ချက်များ

(၂၉-၁၂-၂၀၂၅)

**H.E. Mr. Sholban Kara-Ool၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**

ကြွရောက်လာကြတဲ့ မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ဧည့်သည်တော်များခင်ဗျာ။ မနေ့က ကျင်းပခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရွေးကောက်ပွဲကို နိုင်ငံတကာကစောင့်ကြည့်လေ့လာရေး အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး လေ့လာခဲ့ပါတယ်။ ကျွန်တော်တို့ Delegation အဖွဲ့မှာ ရုရှားနိုင်ငံရဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်များပါမက ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်များပါ ပါဝင်ပါတယ်။ သူတို့က မြန်မာနိုင်ငံမှာ ကျင်းပတဲ့ ရွေးကောက်ပွဲသာမက အခြားနိုင်ငံများမှာ ကျင်းပတဲ့ ရွေးကောက်ပွဲတွေကိုပါ တစ်ကြိမ်မက လေ့လာခဲ့ဖူးပါတယ်။ ကျွန်တော်တို့အဖွဲ့ဝင်တွေရဲ့ အတွေ့အကြုံများကိုလည်း မိတ်ဆက်ပေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲကိုချိန်ထိုးပြီး လာရောက်လေ့လာနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ မနေ့ကလေ့လာခဲ့တဲ့အချိန်မှာ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ရဲ့ ကြိုးစားအားထုတ်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါတယ်။ ဒီအလုပ်တွေဟာ တကယ်တော့ လွယ်ကူတဲ့ အလုပ်တော့ မဟုတ်ပါဘူး။ တကယ်ကြိုးစားအားထုတ်နေတယ်ဆိုတာ သိသာမြင်သာပါတယ်။ ကျွန်တော်တို့ မနေ့က လေ့လာခဲ့တဲ့အချိန်မှာ ရွေးကောက်ပွဲမဲပေးနေကြတာဟာ အီလက်ထရောနစ်စက်တွေကို အသုံးပြုနေတာ တွေ့ရပါတယ်။ အီလက်ထရောနစ်စက်တွေဟာ တာဝန်ရှိသူများ ရှင်းပြချက်များအရ ပြင်ပက အီလက်ထရောနစ်နှောင့်ယှက်မှုတွေ လုံးဝမပြုလုပ်နိုင်ဘူးဆိုတာလည်း သိရပါတယ်။ ကျွန်တော်တို့ မျက်မြင်ကြည့်တဲ့အချိန်မှာလည်း မှန်ပါတယ်။ ကောင်းကောင်းမွန်မွန်လည်း အလုပ်လုပ်ပါတယ်။ ပြင်ပက နှောင့်ယှက်မှုပုံစံမျိုးလည်း မတွေ့ရပါဘူး။ ဒီစက်တွေကို အသုံးပြုပြီးတော့ ရွေးကောက်ပွဲလုပ်ဆောင်ခြင်းဟာ တကယ်စစ်မှန်တဲ့ ရလဒ်တွေရရှိလာလိမ့်မယ်လို့ သုံးသပ်ရရှိပါတယ်။ အခုရွေးကောက်ပွဲမှာ Electronic Voting Machine တွေ အသုံးပြုခြင်းဟာ ရွေးကောက်ပွဲအတွက် ဆုလာဘ်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ အသုံးပြုတဲ့စက်တွေအနေနဲ့ အရင်တုန်းက ရွေးကောက်ပွဲမဲပေးတဲ့အချိန်မှာ ကြာမြင့်မှုတွေကို အများကြီး လျှော့ချနိုင်တာကို ကျွန်တော်တို့ မျက်မြင်ပဲတွေ့ခဲ့ပါတယ်။ မဲပေးမှုလုပ်ငန်းတွေမြန်ဆန်လာတာ တွေ့ရှိခဲ့ပါတယ်။ ဆန္ဒမဲပေးမယ့် လူတွေက အတန်းရှည်ကြီးတွေတန်းစီပြီးတော့ တကယ်ကို တက်ကြွစွာ တွေ့ရပါတယ်။ သူတို့လည်း ပျော်ရွှင်နေကြပါတယ်။ ဒီမှာလုပ်ဆောင်နေတဲ့ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေလည်း ကိုယ့်အလုပ်ကို ဂုဏ်ယူစိတ်တက်ကြွစွာ လုပ်ဆောင်နေတာ တွေ့ရပါတယ်။ မနေ့က ကျွန်တော်တို့ မဲပေးတဲ့ပြည်သူတွေကို သွားရောက်ပြီး နှုတ်ဆက်စကားနဲ့ အခြားမေးမြန်းမှု အနည်းငယ်ပြုလုပ်ခဲ့ပါတယ်။ သူတို့အားလုံးက တက်ကြွနေကြပါတယ်။ ရွေးကောက်ပွဲကို စိတ်ဝင်တစားလည်းရှိကြပါတယ်။ ပျော်ရွှင်တက်ကြွစွာ မဲပေးဖို့ပြင်ဆင်နေတဲ့အကြောင်း သူတို့ပြောပါတယ်။ ပါတီတွေက စောင့်ကြည့်နေတဲ့ကိုယ်စားလှယ်တွေကလည်း သူတို့အလုပ်ကို ဂုဏ်ယူစိတ် လုပ်ဆောင်နေကြတာကိုလည်း တွေ့ရှိခဲ့ပါတယ်။ မဲပေးတဲ့သူတချို့ဟာ သူတို့မိသားစုဝင်တွေနဲ့ မဲရုံတွေမှာ စောင့်ဆိုင်းနေတာကို တွေ့ရပါတယ်။ ဒါက တကယ့်ကို အပေါင်းလက္ခဏာဆောင်တဲ့သဘော ဖြစ်ပါတယ်။ ဒီလိုမျိုးတွေကိုကြည့်ရတာ ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိတယ်။ လုံခြုံရေးကိစ္စရပ်တွေကိုလည်း ယုံကြည်မှုရှိတယ်ဆိုတဲ့ သဘောလက္ခဏာတွေကို ဆောင်ပါတယ်။ ဒါကြောင့် အခုကျင်းပတဲ့ ရွေးကောက်ပွဲအပေါ်မှာ ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်တာရယ် ရွေးကောက်ပွဲအပေါ်မှာ ဆောင်ရွက်ပေးထားတဲ့ တာဝန်ရှိသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေ၊ လုံခြုံမှုအပြည့်အဝပေးနိုင်တာအတွက် ကျွန်တော်တို့ ရုရှား Delegation အဖွဲ့ကိုယ်စား ဂုဏ်ယူပါတယ်လို့ ပြောလိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပပေးသူတွေရော ပါဝင်တဲ့ပြည်သူတွေပါ လိုလားတဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အောင်မြင်မှုရှိမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ရွေးကောက်ပွဲအပေါ်မှာ ဥပဒေနဲ့လျော်ညီစွာ ကြိုးပမ်းအားထုတ်မှုတွေဟာ မေ့ပျောက်လို့ရမယ့်ကိစ္စတွေမဟုတ်ပါဘူး။ တာဝန်ရှိသူတွေအနေနဲ့ ဂုဏ်ယူစိတ်နဲ့လုပ်ဆောင်နေတယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေ ရွေးကောက်ပွဲအပေါ် တကယ့်ကို ကြိုးစားအားထုတ်ခဲ့မှုတွေ၊ မြန်မာနိုင်ငံအကြီးအကဲရဲ့ ရွေးကောက်ပွဲအပေါ် တကယ့်ကို စိတ်ဆန္ဒအမှန်နဲ့ ကြိုးပမ်းခဲ့မှု၊ မြန်မာနိုင်ငံကပြည်သူတွေ ပြင်းပြစွာဆန္ဒရှိမှုကို ဝမ်းသာဂုဏ်ယူကြောင်း ပြောလိုပါတယ်။ ရွေးကောက်ပွဲအပိုင်း (၁) ကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် များစွာဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

> **“မဲပေးတဲ့သူတချို့ဟာ သူတို့မိသားစုဝင်တွေနဲ့ မဲရုံတွေမှာ စောင့်ဆိုင်းနေတာကို တွေ့ရပါတယ်။ ဒါက တကယ့်ကို အပေါင်းလက္ခဏာဆောင်တဲ့သဘော ဖြစ်ပါတယ်။ ဒီလိုမျိုးတွေကိုကြည့်ရတာ ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိတယ်။ လုံခြုံရေးကိစ္စရပ်တွေကိုလည်း ယုံကြည်မှုရှိတယ်ဆိုတဲ့ သဘောလက္ခဏာတွေကို ဆောင်ပါတယ်။ ဒါကြောင့် အခုကျင်းပတဲ့ ရွေးကောက်ပွဲအပေါ်မှာ ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်တာရယ် ရွေးကောက်ပွဲအပေါ်မှာ ဆောင်ရွက်ပေးထားတဲ့ တာဝန်ရှိသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေ၊ လုံခြုံမှုအပြည့်အဝပေးနိုင်တာအတွက် ကျွန်တော်တို့ ရုရှား Delegation အဖွဲ့ကိုယ်စား ဂုဏ်ယူပါတယ်လို့ ပြောလိုပါတယ်”**


H.E. Mr. Sholban Kara-Ool ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ


Mr. Igor Borisov ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်

**Mr. Igor Borisov ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်**

အခမ်းအနားကို ကြွရောက်လာကြတဲ့မိတ်ဆွေများ မင်္ဂလာပါ။ ကျွန်တော်တို့ Delegation ခေါင်းဆောင် မြန်မာနိုင်ငံမှာကျင်းပတဲ့ရွေးကောက်ပွဲအပေါ် သူ့ရဲ့အမြင်တွေကို ပြောပြသွားတာ တော်တော်ပြည့်စုံပါတယ်။ ကျွန်တော်မြင်တွေ့ခဲ့တာကို အနည်းငယ်ပြောပြချင်ပါတယ်။ အခု ကျင်းပပြုလုပ်တဲ့ရွေးကောက်ပွဲက ပွင့်လင်းမြင်သာမှုရှိပါတယ်။ ဥပဒေနဲ့ညီစွာ ဆောင်ရွက်တာမို့လို့ ကျေးဇူးတင်ကြောင်း ပထမဦးစွာ ပြောလိုပါတယ်။ တာဝန်ရှိသူများရဲ့ ကြိုးစားလုပ်ဆောင်ခဲ့မှုကြောင့် ဒီရွေးကောက်ပွဲကို ကျွန်တော်တို့ လေ့လာခွင့်ရခဲ့ပါတယ်။ မဲပေးတဲ့ပြည်သူအချို့နဲ့ ကျွန်တော်တို့ စကားပြောဆိုမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကဝန်ထမ်းတွေနဲ့ သွားရောက်လေ့လာခဲ့တဲ့ မဲရုံတွေက ဝန်ထမ်းတွေနဲ့ စကားပြောဆိုနိုင်ခဲ့ပါတယ်။ Electronic Voting Machine ရဲ့ အလုပ်လုပ်မှုကိုလည်း သိရှိခဲ့ရပါတယ်။ တာဝန်ရှိသူတွေစီစဉ်ထားတဲ့ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တွေရော ကျွန်တော်တို့ လာရောက်လေ့လာဖို့အတွက်စီစဉ်ထားတာရော Electronic Voting Machine တွေ အသုံးပြုတာတွေကိုပါ ကောင်းမွန်ပါတယ်လို့ မှတ်ချက်ပေးလိုပါတယ်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေမှာ ဥပဒေပြုမှုကစလို့ ရွေးကောက်ပွဲအတွက် ကြိုးပမ်းအားထုတ်မှု၊ လုံခြုံရေးဆိုင်ရာထောက်ပံ့ပေးမှု၊ ဝန်ထမ်းများရဲ့ တက်ကြွစွာ လုပ်ဆောင်နေမှုတွေကို ရုရှားနိုင်ငံရွေးကောက်ပွဲကော်မရှင်အနေနဲ့ အဆင့်အတန်းမြင့်တဲ့ ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲဖြစ်တယ်ဆိုတာကို ကျွန်တော်ကြေညာလိုပါတယ်။ ကျွန်တော်ထပ်မံပြောလိုတာက ဒီရွေးကောက်ပွဲကို စနစ်တကျဆောင်ရွက်ထားတာဖြစ်လို့ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့သူတွေ၊ ဒီမိုကရေစီလမ်းကြောင်းအပေါ်က သွေဖည်အောင်လုပ်နေတဲ့သူတွေကို မတွေ့ခဲ့ပါဘူး။ ရွေးကောက်ပွဲမကျင်းပမီ အစောပိုင်းကာလတွေမှာ အင်တာနက်ပေါ်မှာ ဒီရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးသတင်းတွေ ပျံ့နှံ့အောင် လုပ်ဆောင်ခဲ့တဲ့သူတွေကို တွေ့ရပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကို Information Technology တွေ အသုံးပြုပြီး တိုက်ခိုက်နေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ ကောင်းကောင်းသိပါတယ်။ ရွေးကောက်ပွဲကော်မရှင်ရော ပြည်သူတွေပါ ဒီလိုတိုက်ခိုက်မှုတွေကို ရှောင်ရှားကျော်လွှားပြီးတော့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနိုင်မယ့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကိစ္စရပ်တွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော် ထပ်မံပြောကြားလိုတာက မြန်မာနိုင်ငံအကြီးအကဲရဲ့ ထောက်ပံ့ပေးမှု၊ ပြည်သူတွေအားလုံး ရွေးကောက်ပွဲအပေါ် အောင်အောင်မြင်မြင်ကျော်လွှားနိုင်ခဲ့တယ်ဆိုတာ ထပ်လောင်းပြောချင်ပါတယ်။ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ အကူအညီတွေလိုတယ်ဆိုရင် အကူအညီပေးဖို့အသင့်ရှိတယ်ဆိုတာ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**Mr.Deng Xijun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်**

ကျွန်တော်တို့နိုင်ငံအနေနဲ့ အခုလိုမျိုးလာရောက်လေ့လာဖို့ ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို သုံးရက်အတွင်းမှာ လာရောက်ပြီး မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကို ဘယ်လိုမျိုး ပြင်ဆင်ဆောင်ရွက်လျက် ရှိတယ်ဆိုတာကို လေ့လာခွင့်ရတဲ့အတွက်လည်း အထူးပဲ ဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ရဲ့ ဖိတ်ကြားမှုနဲ့ အခုလိုမျိုး စောင့်ကြည့်လေ့လာခွင့်ရတဲ့အတွက်လည်း အထူးပင် ဝမ်းသာဂုဏ်ယူမိပါတယ်။

အထူးသဖြင့်ကတော့ ရွေးကောက်ပွဲတွေဖော်ဆောင်တယ်ဆိုတာ ကျွန်တော်တို့ သမ္မတကြီး ရှီကျင့်ဖျင်နဲ့ မြန်မာနိုင်ငံ ယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ကြားမှာ ထားရှိတဲ့ သဘောတူညီမှု၊

စာမျက်နှာ ၆ သို့

*စာမျက်နှာ ၅ မှ*

တရုတ်-မြန်မာကြား ပူးပေါင်းဆောင်ရွက်မှုတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာဆိုရင် ပူးပေါင်းဆောင်ရွက်မှုတွေ များစွာလုပ်နေတာဖြစ်ပြီးတော့ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကိုလည်း ထောက်ပံ့ကူညီမှုတွေ များစွာ ပြုလုပ်လျက်ရှိပါတယ်။ မနေ့ကဆိုရင် နေပြည်တော်မှာရှိတဲ့ မဲရုံခြောက်ရုံကို သွားရောက်လေ့လာခဲ့ပါတယ်။အဲ့လိုမျိုး သွားရောက်လေ့လာတဲ့အခါ ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းအားဖြင့် အားလုံး ကောင်းမွန်အဆင်ပြေနေတာကို တွေ့ရပါတယ် ခင်ဗျာ။ ကျွန်တော့်အနေနဲ့ တွေ့ရှိချက်တွေကို ပြောရမယ်ဆိုရင် ပထမဆုံးအနေနဲ့ မဲရုံပြင်ဆင်ထားရှိမှုတွေက စနစ်ကျတယ်။ တက်ကြွစွာပါဝင်နေတဲ့ မဲဆန္ဒရှင်တွေကိုလည်း တွေ့ရပါတယ်။ နောက်ဆုံး မဲရုံမှာ မဲရုံပိတ်ဖို့ တစ်နာရီခွဲလောက်ပဲလိုတော့တာတောင် မဲပေးဖို့ စီတန်းစောင့်နေကြတာကို တွေ့ရတယ်။ ရွေးကောက်ပွဲမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေကလည်း လုပ်ငန်းဆောင်ရွက်တာ မှန်ကန်တိကျ ကောင်းမွန်တာကို တွေ့ရပါတယ်။ မဲလာပေးတဲ့ ပြည်သူတွေရဲ့ ID ကတ်တွေနဲ့ သူတို့ရဲ့ အချက်အလက်တွေကို တိုက်ဆိုင်စစ်ဆေးနေတာ တွေ့ရပါတယ်။ စိတ်ရှည်လက်ရှည်နဲ့ လုပ်ငန်းဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။ အခုကျင်းပတဲ့ ရွေးကောက်ပွဲအပိုင်း (၁) အဆင်ပြေချောမွေ့ပြီး တည်ငြိမ်အေးချမ်းနေတာကို တွေ့ရပါတယ်။ အောင်မြင်တဲ့ ရွေးကောက်ပွဲဖြစ်တဲ့အတွက် နောင်ကျင်းပမယ့် အပိုင်း (၂)နဲ့ အပိုင်း(၃)မှာလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။ မဲဆန္ဒရှင်တွေမှာ မျှော်မှန်းချက်တွေရှိတယ် ဆိုတာကိုလည်း တွေ့ခဲ့ရတယ်။ ရွေးကောက်ပွဲပြီးရင် သူတို့ဘဝတွေ ပိုကောင်းလာမယ်။ စီးပွားရေးတွေ ကောင်းလာမယ်။ အချို့နေရာတွေမှာ ပဋိပက္ခတွေ လျော့ကျသွားပြီး အေးချမ်းတည်ငြိမ်သွားမယ်။ ယခု ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပြီး တရုတ်နိုင်ငံအနေနဲ့ အောင်မြင်တယ်လို့ ယူဆပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အတူယှဉ်တွဲနေထိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ကောင်းမွန်တဲ့၊ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးရှိသော နိုင်ငံတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာကို အမြဲတမ်းကူညီပေးဖို့ အသင့်ရှိနေပါတယ်။ နှစ်နိုင်ငံကြား ဖွံ့ဖြိုးတိုးတက်မှုတွေကို ရရှိအောင် ထူထောင်သွားဖို့အတွက် ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့ ဒီရွေးကောက်ပွဲမှသည် မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး စတဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို ပူးပေါင်းဆောင်ရွက်သွားဖို့ ဆန္ဒရှိပါတယ်ခင်ဗျာ။




Mr.Deng Xijun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်




Mr . Alexei Bashan ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ



Mr. Shpakouski Aliaksandr ဘယ်လာရုစ် လွှတ်တော်အမတ်

**Mr . Alexei Bashan၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ**

ယနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ဘယ်လာရုစ်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲများ မည်ကဲ့သို့ ကျင်းပမည်နှင့် ၎င်းတို့ကို မည်သို့စီစဉ်ထားသည်ကို စောင့်ကြည့်ရန်အတွက် လေ့လာသူများအဖြစ် လာရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဆုံး သတိပြုမိတာကတော့ ရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ဆောင်နိုင်စွမ်းက အလွန်တရာ စနစ်ကျနမှုရှိပြီး အရည်အသွေးပြည့်ဝမှုရှိတယ်ဆိုတာပါပဲ။ သတ်မှတ်ထားတဲ့ မဲရုံတွေမှာ နိုင်ငံသားများ လွတ်လပ်စွာနှင့် လုံခြုံစွာ မဲပေးနိုင်စေရန်အတွက် အစွမ်းကုန်လုပ်ဆောင်ထားပါတယ်။ ဒီလိုလုံခြုံရေးအာမခံချက်ရှိဖို့က မဲရုံတစ်ခုအတွက် လွန်စွာအရေးကြီးပါတယ်။ မဲဆန္ဒရှင်အများအပြားက သူတို့ကိုယ်ပိုင် ရွေးချယ်မှုပြုလုပ်ပြီး သူတို့ရဲ့ အနာဂတ်ကိုဆုံးဖြတ်ဖို့မဲပေးဖို့လာရောက်ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါက အလွန်ကောင်းပါတယ်၊ ဘာလို့လဲဆိုတော့ လူငယ်တွေနဲ့ မိသားစုဝင်တွေပါမကျန် လာရောက်မဲပေးတဲ့အတွက် လျစ်လျူရှုသူမရှိဘဲ စိတ်ဝင်စား အလေးထားကြတယ်ဆိုတာ ထင်ရှားလို့ပါ။ ယနေ့မှာ နိုင်ငံသားများက လွှတ်တော်အမတ်များကို ရွေးကောက်တင်မြှောက်နိုင်စေဖို့ တတ်နိုင်သမျှ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့ သတိပြုမိပါတယ်။ ၎င်းအမတ်တွေနဲ့ နောက်ပိုင်းမှာ အစိုးရတစ်ရပ်ဖွဲ့စည်းပြီး နိုင်ငံတော်ကို ဆက်လက်တည်ဆောက်ကြမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပြည်သူများက သူတို့ရဲ့ ကံကြမ္မာကို ကိုယ်တိုင်ဆုံးဖြတ်လိုတဲ့အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်။ ဒါဟာ အထူးဂုဏ်ယူဝမ်းမြောက်စရာပါပဲ။ ဥပဒေချိုးဖောက်မှုများမရှိကြောင်း ကျွန်ုပ်တို့ သတိပြုမိပြီး အီလက်ထရောနစ် မဲပေးစက်များကို အသုံးပြု၍ မဲပေးခြင်းရဲ့ ဆန်းသစ်တီထွင်မှုကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ ဒါက လုပ်ငန်းစဉ်ကို မြန်ဆန်စေပြီး နှောင့်နှေးမှုတွေကို ဖယ်ရှားပေးတယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။ မဲပေးဖို့ ရှည်လျားတဲ့ လူတန်းတွေမရှိပါဘူး။ အရာအားလုံးက ရိုးရှင်းပြီး မြန်ဆန်လွယ်ကူစေပါတယ်။ မဲရုံဝန်ထမ်းတွေ (မဲရုံတွေကို စီစဉ်သူတွေ) နဲ့ မဲဆန္ဒရှင်တွေကိုယ်တိုင်အတွက် ကနဦးလေ့ကျင့်မှုတွေ အပါအဝင် လိုအပ်တာတွေကို ကြိုတင်ပြင်ဆင်လုပ်ဆောင်ခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အထူးဝမ်းသာဂုဏ်ယူပါတယ်။ မဲဆန္ဒရှင် လူကြီးလူငယ်အရွယ်မရွေး အားလုံးက ယုံကြည်မှုရှိစွာနဲ့ မဲပေးဖို့ အချိန်မီလာရောက်ပါတယ်။ အလုံးစုံခြုံပြောရရင် မဲဆန္ဒရှင်ပြည်သူတွေမျက်နှာပေါ်မှာ အပြုံးတွေဝေဆာနေတာတွေ့ရတဲ့အတွက် ဒါက ဘာကိုဆိုလိုတာလဲဆိုရင် သူတို့အနာဂတ်အတွက် သူတို့ယုံကြည်မှုရှိတယ် ဆိုတာပါပဲ။ ကျေးဇူးတင်ပါတယ်။

**Mr. Shpakouski Aliaksandr၊ ဘယ်လာရုစ် လွှတ်တော်အမတ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လွှတ်တော်အဖွဲ့ရဲ့ အကြီးအကဲများဟာ ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ မြန်မာနိုင်ငံကို ရောက်ရှိနေခဲ့ရာ ယနေ့မှာ မြို့တွင်းရှိ မဲရုံသုံးခုကို သွားရောက်ခဲ့ကြတယ်။ လက်ရှိအချိန်မှာ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပြည်သူတွေရဲ့ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ဖို့ အခြေအနေအားလုံးကို ဖန်တီးထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ရွေးကောက်ပွဲများသည် တရားဝင်နိုင်ငံရေးလုပ်ငန်းစဉ်ရဲ့ တစ်ခုတည်းသော မှန်ကန်တဲ့ လမ်းစဉ်ဖြစ်ကာ အာဏာတည်ဆောက်မှု၊ လွှတ်တော်ကျင်းပနိုင်မှုမှာ သန့်ရှင်းသော ယှဉ်ပြိုင်မှုဖြစ်တယ်လို့ ကျွန်ုပ်တို့ ယုံကြည်ပါတယ်။ တွေ့ဆုံဆွေးနွေးမှုနဲ့ အရပ်ဘက်သဘောတူညီချက်အတွက် တိကျတဲ့ ခြေလှမ်းတစ်ရပ်ကို လှမ်းနေတာ ထင်ရှားပါတယ်။ လူ့အဖွဲ့အစည်းမှာပါဝင်ဖို့ ငြင်းဆန်တဲ့ နိုင်ငံရေးအင်အားစုတွေဟာ ဥပဒေနယ်ပယ်ကနေ သူတို့ကိုယ်သူတို့ ဖယ်ထုတ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီတဲ့လမ်းကြောင်းကို လျှောက်လှမ်းနေကြတာပါ။ အဲဒီလို နိုင်ငံရေးအင်အားစုတွေဟာ နေရာတစ်နေရာကနေ အခြေခံအားဖြင့် ရွေးကောက်ပွဲလှုပ်ရှားမှုများ မရှိအောင် ဖျက်ဆီးနေကြပါတယ်။ လွှတ်တော်ရွေးကောက်ပွဲရလဒ်များအပေါ် အခြေခံပြီး ပြည်ထောင်စုသမ္မတနိုင်ငံမှာ ဥပဒေပြုအာဏာပိုင် အဖွဲ့အစည်းတွေ ဖွဲ့စည်းနိုင်လိမ့်မယ်လို့ ကျွန်ုပ်တို့ ယုံကြည်ပါတယ်။ ဘယ်လာရုစ်နိုင်ငံအနေနဲ့ ကူညီပါဝင်အားဖြည့်ရန် အမြဲအသင့်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံအစိုးရဟာ ပြည်တွင်းနိုင်ငံရေးပြဿနာတွေကို ဖြေရှင်းရာမှာ အောင်မြင်မှုတွေ ရရှိခဲ့တယ်။ *စာမျက်နှာ ၇ သို့*

❂ မဲရုံခြောက်ရုံကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲ့လိုမျိုး သွားရောက်လေ့လာတဲ့အခါ ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းအားဖြင့် အားလုံး ကောင်းမွန်အဆင်ပြေနေတာကို တွေ့ရပါတယ် ခင်ဗျာ။ ကျွန်တော့်အနေနဲ့ တွေ့ရှိချက်တွေကို ပြောရမယ်ဆိုရင် ပထမဆုံးအနေနဲ့ မဲရုံပြင်ဆင်ထားရှိမှုတွေက စနစ်ကျတယ်။ တက်ကြွစွာပါဝင်နေတဲ့ မဲဆန္ဒရှင်တွေကိုလည်း တွေ့ရပါတယ်။ နောက်ဆုံး မဲရုံမှာ မဲရုံပိတ်ဖို့ တစ်နာရီခွဲလောက်ပဲလိုတော့တာတောင် မဲပေးဖို့ စီတန်းစောင့်နေကြတာကို တွေ့ရတယ်

❍ မဲဆန္ဒရှင်တွေမှာ မျှော်မှန်းချက်တွေရှိတယ် ဆိုတာကိုလည်း တွေ့ခဲ့ရတယ်။ ရွေးကောက်ပွဲပြီးရင် သူတို့ဘဝတွေ ပိုကောင်းလာမယ်။ စီးပွားရေးတွေ ကောင်းလာမယ်။ အချို့နေရာတွေမှာ ပဋိပက္ခတွေ လျော့ကျသွားပြီး အေးချမ်းတည်ငြိမ်သွားမယ်။ ယခု ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပြီး တရုတ်နိုင်ငံအနေနဲ့ အောင်မြင်တယ်လို့ ယူဆပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အတူယှဉ်တွဲ နေထိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်

❒ လူငယ်တွေနဲ့ မိသားစုဝင်တွေပါမကျန် လာရောက်မဲပေးတဲ့အတွက် လျစ်လျူရှုသူမရှိဘဲ စိတ်ဝင်စား အလေးထားကြတယ်ဆိုတာ ထင်ရှားလို့ပါ

❊ မြန်မာနိုင်ငံပြည်သူများက သူတို့ရဲ့ ကံကြမ္မာကို ကိုယ်တိုင်ဆုံးဖြတ်လိုတဲ့အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်

*စာမျက်နှာ ၆ မှ*

လက်ရှိ အခြေအနေမှာ ခက်ခဲနေဆဲဖြစ်သော်လည်း ဘယ်လာရုစ်နိုင်ငံဟာ ကျွန်ုပ်တို့ရဲ့ မြန်မာမိတ်ဆွေများကို လိုအပ်သော နိုင်ငံရေးပံ့ပိုးမှုတွေ ပေးအပ်ဖို့ အမြဲအသင့်ရှိနေပြီး ယခုလို ဘယ်လာရုစ်မှ လေ့လာသူများလည်း ရှိနေပါတယ်။ ဤသည်မှာ ကျွန်ုပ်တို့ရဲ့ ခေါင်းဆောင်က မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးကို ခိုင်မာစေရန် ရည်ရွယ်ချက်ကို ထောက်ခံကြောင်း သက်သေခံချက်တစ်ခု ဖြစ်တယ်။

**Mr. Yerman Mukhtar၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ**

ကျွန်တော့်အနေနဲ့ တက်ရောက်လာတဲ့ ဧည့်ပရိသတ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပထမဆုံး ပြောကြားလိုတာကတော့ ဒီမှာတက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးဟာ မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံနှစ်နိုင်ငံအကြားမှာ ရင်းနှီးတဲ့ဆက်ဆံရေးဖြစ်တဲ့ သံတမန်ဆက်ဆံရေးတည်ဆောက်ဖို့အတွက် အဓိကကျတဲ့ အခန်းကဏ္ဍကနေပါဝင်မှာ ဖြစ်တဲ့အကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ ဒီကိုလာရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ကျင်းပတဲ့ ရွေးကောက်ပွဲမှာ လာရောက်ကြည့်ရှုလေ့လာဖို့နဲ့ ကျွန်တော်တို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ရှေ့ဆက်ပြီး ပူးပေါင်းလုပ်ဆောင်ဖို့နဲ့ နှစ်နိုင်ငံကြားကိစ္စရပ်တွေကို ဆွေးနွေးဖို့အတွက် လာရောက်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ကို ကျွန်တော်တို့ လာရောက်လေ့လာတဲ့အခါမှာ လှိုက်လှဲစွာကြိုဆိုတဲ့အတွက်ရော လေ့လာဖို့အတွက် အကောင်းဆုံးအခြေအနေတစ်ခု ဖန်တီးပေးတာကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ရောက်လာတဲ့အချိန်ကနေ စပြီးတော့ ရန်ကုန်မြို့မှာရော နေပြည်တော်မှာပါ မြန်မာနိုင်ငံမှာ ပြုလုပ်တဲ့ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ သက်ဆိုင်ရာ သတင်းအချက်အလက်ပေါင်းများစွာကို ရရှိခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး ပြောကြားခဲ့တဲ့ မိန့်ခွန်းဟာဆိုရင် မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ဆောင်နေတဲ့ Process တွေအားလုံးနဲ့ ရွေးကောက်ပွဲမှာအသုံးပြုမယ့် နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်တွေကို ကျွန်တော်တို့ ကောင်းစွာ သိရှိခဲ့ရပါတယ်ခင်ဗျ။ မြန်မာနိုင်ငံရွေးကောက်ပွဲမှာဆိုရင် တကယ့်ကို အသုံးဝင်ပြီးတော့ တကယ့်ကိုပြိုင်ဆိုင်မှုရှိတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို တွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ယခုတွေ့ရှိခဲ့တဲ့ ကောင်းမွန်တဲ့ အချက်အလက်တွေကို ပြန်လည်အသုံးချသွားဖို့အတွက်လည်း စဉ်းစားထားပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ကျွန်တော့်အမြင်လေးတွေကို တင်ပြလိုပါတယ်။ တစ်ရက်တည်းမှာ အခုလို ရွေးကောက်ပွဲတစ်ခုကို လုပ်ဆောင်ရတာဟာ တကယ့်ကိုကြီးမားတဲ့ အလုပ်တစ်ခုလည်း ဖြစ်ပါတယ်။ အခုလို လုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ ခက်ခဲတဲ့ ရှုထောင့်တစ်ခုကို ကျွန်တော်တို့ တွေ့ရပါတယ်။ တစ်ရက်တည်းနဲ့ လူတွေအများကြီးစုပြီး လုပ်ဆောင်ရတာ အများကြီးခက်ခဲပါတယ်။ ရွေးကောက်ပွဲ လုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်သာမက သက်ဆိုင်ရာ ပါတီအသီးသီးက ကိုယ်စားလှယ်တွေအနေနဲ့ လာရောက်ကြည့်ရှုပြီးတော့ အားလုံးပူးပေါင်းလုပ်ဆောင်တာ တွေ့ရပါတယ်။ နောက်တစ်ခု ကျွန်တော်တွေ့ရှိတာကတော့ မဲဆန္ဒရှင်စာရင်းတွေ သေသေချာချာလုပ်ဆောင်ထားတာကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ မဲရုံတွေမှာ မဲလာပေးမယ့် မဲဆန္ဒရှင်အားလုံး သူတို့ရဲ့စာရင်းတွေကို အလွယ်တကူ ရှာဖွေတွေ့ရှိအောင် လုပ်ဆောင်ထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် မဲဆန္ဒရှင်တွေအနေနဲ့ မဲစာရင်းကပ်ထားတဲ့ ဘုတ်တွေမှာ မိမိတို့စာရင်းတွေကို ကြည့်ရှုံသာမက မဲပေးတဲ့နေရာရောက်ရင်လည်း သူတို့စာရင်းကို စာအုပ်မှာကြည့်ပြီးတော့ လက်မှတ်ထိုးပြီးတော့ ဆန္ဒပြုခန်းမှာသွားပြီး လျှို့ဝှက်မဲပေးကြတာ တွေ့ရပါတယ်။ မဲရုံတွေမှာ မဲပေးစက်ကို အကောင်းဆုံး သေသေချာချာ ထိရောက်မှုအပြည့်နဲ့ သုံးစွဲသွားတာကို တွေ့ရပါတယ်။ မဲဆန္ဒပေးတဲ့လူတွေက တက်တက်ကြွကြွ ပါဝင်ပြီး မဲပေးကြတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ပြည်တွင်း/ပြည်ပမှ သတင်းရယူကြတဲ့ သတင်းထောက်တွေ ရွေးကောက်ပွဲကျင်းပနေတာကို နိုင်ငံပိုင်မီဒီယာများမှ သတင်းရယူထုတ်လွှင့်နေတာကိုလည်း တွေ့ရှိရပါတယ်။ အရေးကြီးတဲ့ အချက်တစ်ခုကတော့ မဲပေးကြတဲ့သူတွေအထဲမှာ လူငယ်များစွာပါဝင်တာကို တွေ့ရပါတယ်ခင်ဗျ။ ဒါကတော့ ဘာကိုပြသသလဲဆိုရင် ရွေးကောက်ပွဲအပိုင်းတစ်မှာ လူငယ်များစွာ ပါဝင်နေတဲ့အတွက် မြန်မာနိုင်ငံရဲ့ လူငယ်တွေဟာ ဖြစ်ပေါ်လာမယ့် အနာဂတ်အတွက် မျှော်လင့်ချက်ကြီးကြီးထားတယ်ဆိုတာမျိုး သုံးသပ်လို့ရပါတယ်။ နောက်ထပ်ပြောလိုတာကတော့ ကျွန်တော်တို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ဆတက်ထမ်းပိုးတိုးပွားစေဖို့ ကျွန်တော်တို့အနေနဲ့ အသင့်ရှိကြောင်းပြောကြားလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့ မြန်မာနိုင်ငံ ရွေးကောက်ပွဲ အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်ပါစေလို့ ဆုတောင်းပေးပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။




Mr. Yerman Mukhtar ၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ



H.E. Mr. YICH Samethy၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်

❒ **မဲဆန္ဒရှင်စာရင်းတွေ သေသေချာချာလုပ်ဆောင်ထားတာကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ မဲရုံတွေမှာ မဲလာပေးမယ့် မဲဆန္ဒရှင်အားလုံး သူတို့ရဲ့ စာရင်းတွေကို အလွယ်တကူ ရှာဖွေတွေ့ရှိအောင် လုပ်ဆောင်ထားတာကို တွေ့ရပါတယ်**

❒ **မဲဆန္ဒပေးတဲ့လူတွေက တက်တက်ကြွကြွပါဝင်ပြီး မဲပေးကြတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ပြည်တွင်း/ပြည်ပမှ သတင်းရယူကြတဲ့ သတင်းထောက်တွေ ရွေးကောက်ပွဲကျင်းပနေတာကို နိုင်ငံပိုင်မီဒီယာများမှ သတင်းရယူ ထုတ်လွှင့်နေတာကိုလည်း တွေ့ရှိရပါတယ်**

❒ **မဲလာပေးကြတဲ့ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်နဲ့ပတ်သက်ပြီး ကောင်းမွန်စွာ သိရှိနားလည်ထားတာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်**

❒ **ရွေးကောက်ပွဲကို ကောင်းမွန်ချောမွေ့စွာနဲ့ ဆောင်ရွက်ထားနိုင်ခဲ့တယ်ဆိုတာကို တွေ့ရှိခဲ့ရပြီး မမှန်မကန် ဆောင်ရွက်ခြင်း တစ်စုံတစ်ရာမှ မတွေ့ခဲ့ရပါဘူး။ နောက်တစ်ခုက မဲရုံတွေဟာဆိုရင် မဲဆန္ဒရှင်အားလုံးအတွက် သွားရောက်ဖို့လွယ်ကူပြီး မဲပေးဖို့အတွက်လည်း လွယ်ကူအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ထားတာတွေ့ရတဲ့အတွက်ကြောင့် အခုကျင်းပတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံပြီးတော့ အားလုံးတာဝန်ခံမှုရှိတဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်**

**H.E. Mr. YICH Samethy၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်**

ကျွန်တော့်အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ ရွေးကောက်ပွဲကော်မရှင်ကိုယ်စား လာရောက်လေ့လာခွင့်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်က မနေ့က နေပြည်တော်မှာရှိတဲ့ မဲရုံတွေကို သွားရောက်လေ့လာတဲ့အခါမှာ အောက်ဖော်ပြပါ လေ့လာတွေ့ရှိချက်များကို ကျွန်တော်မျှဝေပေးလိုပါတယ်ခင်ဗျ။ ပထမဆုံးအနေနဲ့ မဲရုံများကို ပြင်ဆင်ထားရှိမှုနဲ့ ကျင်းပဆောင်ရွက်မှုတွေဟာဆိုရင် အလွန်ကိုပြီးပြည့်စုံပြီးတော့ အေးချမ်းတာကိုတွေ့ရပါတယ်။ မဲဆန္ဒရှင်များအနေနဲ့လည်း ကောင်းမွန်စွာနဲ့ရွေးကောက်ပွဲကို ၎င်းတို့ရဲ့ ဒီမိုကရေစီအခွင့်အရေးများကို အသုံးချပြီး ပြင်ပမှ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်းတစ်စုံတစ်ရာမခံရဘဲ မဲပေးနိုင်ခဲ့တာကို တွေ့နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ မဲရုံမှာ တာဝန်ကျတဲ့ အရာရှိများအားလုံးကလည်း ပြဋ္ဌာန်းတဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ မဲပေးခြင်း၊ မဲရေတွက်ခြင်းနဲ့ မဲပေးခြင်းလုပ်ငန်းစဉ်ကို ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နေတာ တွေ့ခဲ့ရပါတယ်။ နောက်တစ်ခုကတော့ ပွင့်လင်းမြင်သာမှုဖြစ်ပါတယ်။ မဲပေးတဲ့လုပ်ငန်းစဉ်တစ်လျှောက်လုံး ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ပြီးတော့ သေချာစွာမဲရုံကို ပိတ်သိမ်းခြင်း၊ မဲပေးခြင်းနဲ့ မဲရေတွက်ခြင်းကိုလည်း သက်ဆိုင်ရာ ပတ်သက်သူများ၊ Stakeholder များအားလုံးက ပါဝင်ပတ်သက်ပြီးတော့ နိုင်ငံရေးပါတီများအပြင် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ၊ မီဒီယာများကပါ အတူတူပူးပေါင်းတာမျိုးကို ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ပါတယ်။ စတုတ္ထအချက်အနေနဲ့ မြန်မာအီလက်ထရောနစ် မဲပေးစက်များကိုအသုံးပြုပြီး မဲပေးသူမဲဆန္ဒရှင်များအနေနဲ့ မဲပေးနိုင်ခဲ့တဲ့အတွက် မဲပေးခြင်းနဲ့ မဲရေတွက်ခြင်းများကို ယခင်ကထက် ပိုမိုမြန်ဆန်ပြီး ပိုမိုတိကျမှန်ကန်တာကိုလည်း ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါ့အပြင် မဲလာပေးကြတဲ့ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်နဲ့ပတ်သက်ပြီး ကောင်းမွန်စွာ သိရှိနားလည်ထားတာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်ခင်ဗျ။ ပဉ္စမအချက်အနေနဲ့ကတော့ မဲရုံမှာ ကောင်းမွန်စွာနဲ့ လုံခြုံစိတ်ချစွာမဲပေးနိုင်ရုံမျှသာမကဘဲ မဲရုံဝန်ထမ်းတွေအတွက် ကောင်းမွန်မှန်ကန်တဲ့လုံခြုံရေး စီစဉ်ဆောင်ရွက်ထားရှိတာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။ ဆဋ္ဌမအချက်အနေနဲ့မမှန်မကန်ပြုလုပ်ခြင်းများကို ကျွန်တော်တို့ တစ်စုံတစ်ရာမှ မတွေ့ရှိခဲ့ရပါဘူး။ အဲလိုမျိုးမတွေ့ခဲ့ရတဲ့အပြင် ရွေးကောက်ပွဲကို ကောင်းမွန်ချောမွေ့စွာနဲ့ ဆောင်ရွက်ထားနိုင်ခဲ့တယ်ဆိုတာကို တွေ့ရှိခဲ့ရပြီး မမှန်မကန် ဆောင်ရွက်ခြင်း တစ်စုံတစ်ရာမှ မတွေ့ခဲ့ရပါဘူး။ နောက်တစ်ခုက မဲရုံတွေဟာဆိုရင် မဲဆန္ဒရှင်အားလုံးအတွက် သွားရောက်ဖို့လွယ်ကူပြီး မဲပေးဖို့အတွက်လည်း လွယ်ကူအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ထားတာတွေ့ရတဲ့အတွက်ကြောင့် အခုကျင်းပတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံပြီးတော့ အားလုံးတာဝန်ခံမှုရှိတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်ခင်ဗျ။ နိဂုံးချုပ်အနေနဲ့ ၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံအစိုးရရဲ့ဖိတ်ကြားချက်အရ ကျွန်တော်တို့အနေနဲ့ လာရောက်လေ့လာခဲ့တဲ့အခါမှာ မဲရုံပေါင်းများစွာကို လေ့လာခဲ့ကြပါတယ်။ ကျွန်တော်တို့ လေ့လာခဲ့တဲ့ မဲရုံများဟာဆိုရင် ဥပဒေ၊ နည်းဥပဒေနဲ့အညီ အေးချမ်းစွာနဲ့ ကောင်းမွန်စွာကျင်းပခဲ့တာကို တွေ့ရှိခဲ့ပြီး **လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာတဲ့ပုံရိပ်နဲ့ ဖော်ဆောင်ခဲ့တာ** တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် မမှန်မကန်ဆောင်ရွက်မှု လုံးဝတစ်စုံတစ်ရာ မတွေ့ရှိရတဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီးတစ်ခုလုံး ကောင်းမွန်မှန်ကန် ခိုင်မာမှုရှိပြီး အများယုံကြည်လက်ခံမှုကိုလည်း ဖော်ဆောင်နိုင်ခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် နောင်လာမည့်ရွေးကောက်ပွဲအဆင့်တွေမှာလည်း ယခုအဆင့်မှာလိုပဲ ကောင်းမွန်စွာနဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့မျှော်လင့်မိပါတယ်။ အခုလိုဖိတ်ကြားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ၂၀၂၆ ခုနှစ်ကို ရောက်ရှိတော့မှာဖြစ်တဲ့အတွက် အဆွေတော်နဲ့ ဧည့်သည်တော်များအားလုံး ကောင်းမွန်သော နှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

# ဓမ္မနှင့်ညီသည့် ပုံစံအသစ်ဖြင့် နှစ်သစ်မှသည် ရှေ့သို့ဆီ...

မိုးကေနိုင်

နှစ်ဟောင်းတစ်နှစ်ကုန်သည်နှင့် နှစ်သစ်တစ်ခု ဆုံကြရတော့မည်။ နှစ်ဟောင်းတို့ ပြောင်းခါနီး နှစ်သစ်တို့ ဆီးကြိုမြဲဖြစ်၍ အဟောင်းပြီးလျှင် အသစ်တို့လာသည်မှာ ဖြစ်ပျက်ဓမ္မတာ၊ ဒဿနအရသာဖြစ်ပေသည်။ သတ္တဝါအားလုံး ဘေးကင်းရန်ကွာဖို့၊ စိတ်ချမ်းသာကိုယ်ကျန်းမာဖြစ်ဖို့၊ လိုအင်ဆန္ဒများ တောင့်တအရာရာ ဖြစ်စေဖို့ရန်မှာ နေ့စဉ်ဆုတောင်းမြဲဖြစ်သော်လည်း နှစ်ဟောင်းအကုန် နှစ်သစ်အကူးမှာ အထူးအလေးမူဂရုပြု၍ ကောင်းတာများဖြစ်ဖို့ နှစ်စဉ်ဆန္ဒပြုကာ ဆုတောင်းမြဲခဲ့သည်မှာလည်း အစဉ်အလာတစ်ခုအဖြစ် ရှိခဲ့ပါပြီ။

**❖ အတိတ်ဘဝ ကုသိုလ်ကံကောင်းခဲ့၍ ရခဲလှသည့် ပစ္စုပ္ပန်လူ့ဘဝတွင် အကြောင်းကောင်းများ တည်ဆောက်ဖို့ အချိန်ကျန်သေးသည်ဆိုလျှင် ယခုအချိန်သည် အကောင်းဆုံးအချိန်ပါ။ သူသူငါငါ အပြစ်တင်မစောကြပါနှင့်။ ပြဿနာမှန်သမျှ တရားဖြင့်ရှေ့ဆောင်၍ ဖြေရှင်းကြမည်ဆိုလျှင် ပြေလည်နိုင်ပါသည်။ ဓမ္မအသိအခြေခံသည့် ပညာဉာဏ်နှင့်တကွ အမြော်အမြင်ရှိသည့်၊ အတ္တနည်းသည့်ခေါင်းဆောင်များ၊ နိုင်ငံသားများ၊ ကလျာဏမိတ်ဆွေကောင်းများ များစွာရှိနေသရွေ့ မိမိဖန်တီးချင်သည့် ပုံစံတစ်ခုကိုရမည်မလွဲပါ**

### ကျန်းမာရေးမကောင်းသော ဤကမ္ဘာကြီးမှာ

ယခု ၂၀၂၅ ခုနှစ်အကုန် ၂၀၂၆ ခုနှစ် အကူးအပြောင်းတွင်လည်း ထိုနည်းတူစွာပင်။ ယခုကာလ ထူးမခြားနားက ကမ္ဘာရော မြန်မာမှာပါ အခက်အခဲ၊ စိန်ခေါ်မှု၊ ပြဿနာမျိုးစုံနှင့်ရယ်ပါ။ ယေဘုယျအားဖြင့် ကမ္ဘာကြီး၏ ကျန်းမာရေးအခြေအနေက သိပ်ကောင်းလှသည်မဟုတ်။ ကျွန်တော်တို့အားလုံး လက်ရှိ ရာသီဥတုဖောက်ပြန်မှုနှင့်တကွ သဘာဝဘေးဆိုးကြီးများကို မမျှော်လင့်ဘဲ ရင်ဆိုင်နေရသည်။ ငလျင်ဒဏ်အပြင်းအထန်ခံစားခဲ့ကြရသည်မှာ လက်တွေ့ဘဝဖြစ်ခဲ့သည်။ ကူးစက်ရောဂါဆိုးများကိုလည်း ရင်ဆိုင်ခဲ့ရပြီး ယခုလည်း ရင်ဆိုင်နေရဆဲပါပဲ။ အကြမ်းဖက်ပြဿနာ ခြိမ်းခြောက်မှုမျိုးစုံနှင့် စစ်မက်ရေးရာများစွာ၏ သက်ရောက်မှုကို ဆိုးဆိုးရွားရွားခံစားကြရသည်။

ကမ္ဘာ့စီးပွားအခြေအနေနှင့် ငွေကြေးပြဿနာအချို့ အနာဂတ်တွင် မရေရာ၊ မသေချာ အနေအထားမှာရှိသည်။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးအတွက် ဖွဲ့စည်းထားသည့် ကမ္ဘာ့အဖွဲ့အစည်းအချို့အတွင်းမှာပင် မပြေမလည်နှင့် အက်ကြောင်းများ တွေ့လာရသည်။ အနာဂတ်တွင် အကျိုးစီးပွားနှင့် အတ္တများကြောင့် ဒေသတွင်းအဖွဲ့အစည်းများ ပြိုကွဲသွားနိုင်သလို ကိုယ်ခံအားမကောင်းသည့် နိုင်ငံအချို့ ပြိုလဲသွားနိုင်သည့်အနေအထားကိုလည်း မြင်နေရသည်။

အထက်ပါအခြေအနေများကို ထင်ဟပ်နေသည့် နိုင်ငံအချို့၏ လက်ရှိပြဿနာများကို ဆွဲယူသုံးသပ်ကြည့်က သိနိုင်လောက်ပါသည်။ မြန်မာနိုင်ငံနှင့် နိုင်ငံသားများအတွက်မူ ကောင်းမွန်သော ရလဒ်တစ်ခု ထွက်ပေါ်ရန်အတွက် မြင်သာသော ထွက်ပေါက်တစ်ခုရှိပြီးဖြစ်သည်မို့ အနာဂတ် အခင်းအကျင်းသစ်နှင့်အတူ လူအများစုတွင် အပြုသဘောခံယူချက်များ ရှိနိုင်သည်ဟု အကောင်းမြင်ထားကြသည်။

ကမ္ဘာကြီးအပေါ် အမြင်မှာမူ တစ်မျိုး၊ ခြားနားစွာ ခံစားနိုင်မှ တော်ကာကျပါမည်။ ၂၀၂၂ ခုနှစ်မှ စဖြစ်ခဲ့သည့် ရုရှား-ယူကရိန်း ပဋိပက္ခမှာ ပြီးဆုံးရန် ခက်ခဲနေသည့်ကြားက အရှေ့အလယ်ပိုင်း စစ်မီးသည်လည်း ဘယ်အချိန်ထတောက်ဦးမည်မသိ တငွေ့ငွေ့လောင်ဆဲအနေအထားမှာ ရှိဆဲဖြစ်သည်။ ဤကြားထဲ ဂျပန်အမျိုးသမီးဝန်ကြီးချုပ် ဆာနေးတာကိုင်ချီ၏ တရုတ်တိုင်ပေ (ထိုင်ဝမ်) အရေး စကားတစ်ခွန်းကြောင့် တရုတ်-ဂျပန် - ထိုင်ဝမ်အကြား ပြဿနာအသစ်တစ်ခု တိုးခဲ့ရပြန်သည်။ ထို့အတူ တောင်အမေရိက ကာရေဘီယန်ဒေသပြဿနာကလည်းတစ်မှောင့်။ ကမ္ဘာကြီးအနေအထားက စိတ်ချမ်းသာစရာဟူ၍မရှိလှ၊ အရာရာပြဿနာများနှင့်သာ။

ထို့ကြောင့် စစ်နှင့်ဖြေရှင်းဖို့ ပြင်ဆင်နေကြသည်။ စစ်လက်နက်များ တိုးမြှင့်ထုတ်လုပ်ပြီး ကာကွယ်ရေးဘတ်ဂျက်ကို မြှင့်တင်နေကြပါပြီ။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စကားစစ်ထိုး၊ အားကြီးသူနှင့် အားနည်းသူ ဖိနှိပ်ကြ၊ အနိုင်ယူကြ၊ ပြဿနာမျိုးစုံဖန်တီး၊ ဖန်တီးသူနှင့် ခံရသူအကြား စကားအပြောအဆိုမှအစ ဆင်ခြင်နိုင်မှသာ။ ကမ္ဘာကြီးက ဘယ်လောက်အထိ နေမကောင်းဖြစ်နေသလဲဆိုတော့ ခရစ္စမတ်ငြိမ်းချမ်းရေးစကားပြောရာမှာတောင် တစ်ပါးသူကို သေဖို့၊ ပျက်စီးစေဖို့အထိ ဆုတောင်းကြသည့်အဖြစ်ပါ။ ကမ္ဘာ့သတင်းတစ်ပုဒ်မှာ ဖတ်လိုက်ရခြင်းဖြစ်သည်။ လက်ရှိဖြစ်နေသည့် ဥရောပက နှစ်နိုင်ငံစစ်ပွဲထဲပါသည့် ခေါင်းဆောင်တစ်ဦးက အခြားရန်ဘက်ခေါင်းဆောင်တစ်ဦးအပေါ် ပို့သလိုက်သည့်မေတ္တာက "May he perish" ဆိုတဲ့ စကားပါပဲ။ အင်မတန်ခံပြင်းနာကြည်းမှုများနှင့် ပေါက်ကွဲထွက်လာသော အမုန်းတရားစကားလုံးပါ။ ယခုလို အာဃာတ၊ ဒေါသတို့ ရှိနေသမျှ ထိုနှစ်နိုင်ငံ ငြိမ်းချမ်းပါ့မလား။

တစ်ဦးတစ်ယောက်၏ အမုန်းတစ်ခုကြောင့် သန်းပေါင်းများစွာသော လူသားများ နေ့စဉ်ထိခိုက်သေကျေပျက်စီးနေရသည်မှာ ဖြစ်သင့်ပါသလား။ ဆန့်ကျင်ဘက်များ ကြီးထွားနေသမျှ ကမ္ဘာကြီးလည်း သာယာပါ့မလား။ ရန်သူကိုတောင် မေတ္တာဖြင့် အနိုင်ယူနိုင်စွမ်းသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နာယူဖူးသမျှ တရားဒေသနာများနှင့် ယှဉ်ထိုးဆင်ခြင်ကြည့်မိသည်။ ယနေ့ခေတ်တွင် အင်အားသည်သာ အခရာဖြစ်၍ ကမ္ဘာကြီးကို လက်နက်နှင့်သာ တည်ဆောက်နေကြသည်မှာ ထိတ်လန့်စရာ။

အင်အားနှင့် ဟန်ရေးတပြပြ အခြေအနေတွင် ကမ္ဘာ့ပြည်သူများ ကျီးလန့်စာစားဘဝနှင့်သာ။ အကောင်းက နည်းနည်း၊ အကောင်းထက် အဆိုးကပိုများနေသည့်ကမ္ဘာကြီးကို တွေ့မြင်ရသည်မှာ စိတ်မချမ်းသာစရာပါ။

**“တစ်ဦးတစ်ယောက်၏ အမုန်းတစ်ခုကြောင့် သန်းပေါင်းများစွာသော လူသားများ နေ့စဉ်ထိခိုက်သေကျေပျက်စီးနေရသည်မှာ ဖြစ်သင့်ပါသလား။ ဆန့်ကျင်ဘက်များ ကြီးထွားနေသမျှ ကမ္ဘာကြီးလည်း သာယာပါ့မလား။ ရန်သူကိုတောင် မေတ္တာဖြင့် အနိုင်ယူနိုင်စွမ်းသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နာယူဖူးသမျှ တရားဒေသနာများနှင့် ယှဉ်ထိုးဆင်ခြင်ကြည့်မိသည်။ ယနေ့ခေတ်တွင် အင်အားသည်သာ အခရာဖြစ်၍ ကမ္ဘာကြီးကို လက်နက်နှင့်သာ တည်ဆောက်နေကြသည်မှာ ထိတ်လန့်စရာ။ အင်အားနှင့် ဟန်ရေးတပြပြအခြေအနေတွင် ကမ္ဘာ့ပြည်သူများ ကျီးလန့်စာစားဘဝနှင့်သာ။ အကောင်းက နည်းနည်း၊ အကောင်းထက် အဆိုးကပိုများနေသည့် ကမ္ဘာကြီးကို တွေ့မြင်ရသည်မှာ စိတ်မချမ်းသာစရာပါ”**

### မေတ္တာဖြင့် ကြိုဆို၊ မေတ္တာထား မေတ္တာပွားရမှာ

ဗုဒ္ဓသာသနာထွန်းကားရာနိုင်ငံတွင် ဓမ္မအသိဖြင့်နေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင်များအနေဖြင့်မူ နှစ်သစ်ကို မေတ္တာဖြင့် ကြိုဆိုကြမည်သာဖြစ်သည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို လိုက်နာကျင့်ကြံပြီး ရင်ဆိုင်ဖြေရှင်းကြပါမည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မမေ့မလျော့ ဆည်းကပ်၍ မကောင်းမှုကိုပယ်၊ ကောင်းမှုကို သယ်ဆောင်ကြပါမည်။ မေတ္တာဟူသည် တဏှာရာဂ မဖက်ဘဲ သူ့အကျိုးကို လိုလားခြင်းမည်ပါသည်။ သူ့အကျိုးပျက်စီးမှာ မလိုလားသည်က မေတ္တာတရားပါ။ သူတစ်ပါး ပျက်စီးဖို့၊ သေစေဖို့၊ ကြံစည်ဖို့ဝေးစွ။ မကောင်းမှုကို ဘယ်တော့မှဆုမတောင်း၊ ကောင်းမှုကိုသာ လိုလားသည့် တရားမြတ်တစ်ခုပါ။ ထို့ကြောင့် မေတ္တာသည် သူတစ်ပါးကို ပျက်စီးစေသည့် ခက်ထန်ကြမ်းတမ်းမှုပါသော ဒေါသ၏ ဆန့်ကျင်ဘက်တရားဖြစ်၍ ဒေါသကိုဖြေဖျောက်ရာတွင် မေတ္တာထား မေတ္တာပွား၍နေကြခြင်းသည်သာ အကောင်းဆုံးဖြစ်ပါလိမ့်မည်။

မေတ္တာသည် မိမိအတွက်မဟုတ်၊ သူ့အတွက်မျှသာတွေးပြီး လုပ်ကိုင်သည်။ အတ္တကို ဘယ်တော့မျှဗဟိုမပြုဆိုသည့်သဘောကို သိထားသည့်အတွက် သူ့အလိုအတိုင်းလည်း လိုက်လို့မရ၊ ငါ့အလိုအတိုင်းလည်းမဖြစ်၊ ဘာမှလည်းအစိုးမရဆိုသည့် သဘောကို ယှဉ်တွဲ၍ သဘောပေါက်ထားသည်။ ထို့ကြောင့်လည်း တစ်ဆက်တည်း ဘာမှလည်း မမြဲ၊ ဘာမှလည်း ဆုပ်ကိုင်ထားလို့မရ၊ အရာရာက ခဏတာ၊ ကြာရှည်တည်တံ့နေတာ ဘာတစ်ခုမျှမရှိ၊ အဖြစ်တစ်ခုက အဆုံးမှာ ပျက်သွားသည်သာဖြစ်၍ ဘာမှမမြဲဆိုသည်မှာ ပေါ်လွင်မြဲပါပဲ။ ဘုရားသာသနာ၏ အဆုံးအမက ဤသို့ပင်လာပါသည်။

### အကြောင်းများညီညွတ်၍ ဖြစ်ရသည့်အကျိုးတရားသိဖို့ရန်မှာ

ထို့ကြောင့် ဘာမှမမြဲ၊ အရာရာဖြစ်ပြီးပျက်၊ အစိုးမရသည့်အတွက် ဘာကိုဆုပ်ကိုင်ထားမလဲ၊ လွတ်အောင် လွှတ်ချသင့်သည်ကို လွှတ်ချဖို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမကြရအောင်ပါ။ မိမိလိုချင်သည်များရှိလည်း ရလာက ကြာရှည်မြဲမည်ဟု ထင်ပါသလား။ ချမ်းသာလာလျှင်လည်း ပို၍ချမ်းသာချင်သည်သာ။ ရလာတော့လည်း ပို၍ပိုင်ဆိုင်ချင်သည်သာ။ တဏှာသဘော၊ အစွဲသဘောများကြောင့်ပါ။ ထို့ကြောင့်လည်း ကောင်းကံ၊ မကောင်းကံများ ဖြစ်ကြရသည်။ အကြောင်းကံသတ္တိကြောင့် အကျိုးဘဝများ ထပ်ရကြသည်၊ ခန္ဓာများ ထပ်ဖြစ်ရသည်။ အကြောင်းကြောင့် အကျိုးဖြစ်ရသည့်သဘောများကိုလည်း မသိလို့မဖြစ်ပြန်။

ဤဘဝ၊ ဤခန္ဓာသည် အတိတ်အကြောင်း၊ ကံအကြောင်းများဆိုသည်ကို သိဖို့လိုပြန်သည်။ ယခုဘဝလုပ်တာ ကိုင်တာ၊ ပြောတာ ဆိုတာမှအစ ကုသိုလ်၊ အကုသိုလ်မှန်းမသိ။ ကိုယ်စိုက်တာ ကိုယ်ပြန်စားရမည်ဟူသောအကြောင်းကို ဂရုမစိုက်အားကြ။ ထို့ကြောင့် မသိ၍လုပ်ကြသည်။ ဘဝတို့ ထပ်ကာထပ်ကာဖြစ်ရသည်။ လူ့ဘဝ၊ နတ်ဘဝ၊ ငှက်ဘဝ၊ ခွေးဘဝ၊ ပြိတ္တာဘဝ၊ ငရဲဘဝ စသည်၊ စသည် ခန္ဓာတို့ထပ်ရ။ ခန္ဓာဆိုသည်မှာ ပရမတ်သဘောအရ ရုပ်နှင့်နာမ်မျှသာဆိုသော်လည်း ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည် ပညတ်အမြင်ကို မစွန့်နိုင်ကြပါ။ ခန္ဓာရလာတော့ လောကဓံကို ထပ်ကြုံရပြန်သည်၊ အကောင်းလောကဓံကြုံတော့ လောဘ၊ အဆိုးလောကဓံကြုံတော့ ဒေါသများ ထပ်ဖြစ်ကြရသည်။

ဤသံသရာတွင် ကျင်လည်နေသည်ကို အဟုတ်ထင်သည့် အထင်မှားမှုမှ အဆိုးများ၊ အဆိုးများ ထပ်ဖြစ်နေသည်ကိုမသိဘဲ အကောင်းဟုသာ ထင်မိသည်။ အဆိုးကိုအကောင်းနှင့် ပြန်လည်ကယ်တင်နေသည်ကိုလည်းမသိ၊ ထိုမသိမှု မောဟကြောင့်ပင် လောဘ၊ ဒေါသတို့ ထပ်ဖြစ်ကြပြန်သည်။ ထိုမသိမှုမောဟ၏ ဆန့်ကျင်ဘက်က အမောဟဖြစ်၍ ဓမ္မသဘောအရ ပညာဖြစ်သည်ဟု ဆိုပါသည်။ ထိုပညာဖြင့် ဆင်ခြင်မှု၊ ပိုင်းခြားဆုံးဖြတ်မှု၊ နှလုံးသွင်းမှုများဖြင့်သာ ကုသိုလ်ဘက်ကို ရေးရှုသွားပါသည်။ ယုံကြည်မှုသဒ္ဓါတရားကို ပို၍အားကြီးသွားစေပါသည်။ အကြောင်းတရားတို့ ညီညွတ်၍ဖြစ်ရခြင်းကြောင့်သာ အကျိုးတရားဖြစ်ရသည်ဟူသော မှန်ကန်သောအမြင်ကို ရရှိသွားစေပါသည်။ ထိုမှန်ကန်သောယုံကြည်မှုမှ မျက်ကန်းယုံကြည်မှုများ၊ မျက်ကန်းအမြင်များကို ပပျောက်စေနိုင်သည်မှာလည်း အမှန်တရားတစ်ခု ဖြစ်ပါသည်။

### အသိကို အကျင့်နှင့်ပေါင်းကြရအောင်ပါ

ထို့ကြောင့် နှစ်သစ်တွင်လည်း အကြောင်းများကောင်းအောင် ဆက်လုပ်ကြရပါဦးမည်။ အကြောင်းကောင်းအောင်လုပ်မည်ဆိုတော့ ဘာတွေကို ကောင်းအောင်လုပ်မလဲ။ လောဘ၊ ဒေါသ၊ မောဟတို့ နည်းစေမည်ပေါ့၊ ကာယကံ၊ ဝစီကံ၊ မနောကံများ ကောင်းအောင် နေကြမည်ပေါ့ ။ ကောင်းမြတ်သည့် တရားအားလုံးဆိုသည်က လေ့ကျင့်အားထုတ်ရမည့်

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဘဏ္ဍာရေးဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုကိစ္စရပ်များ၊ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့၌ (၃၈)ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူသော အသည်းလှူနာနှင့် အသည်းအလှူရှင်များအား ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ခုတင်(၅၀၀) အထူးကုဆေးရုံကြီး ရန်ကုန်မြို့သို့ သွားရောက်၍ အောင်မြင်စွာဆောင်ရွက်ခဲ့သည့် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းလှူနာနှင့် အသည်းအလှူရှင် လေးဦးတို့ကို ကြည့်ရှုစစ်ဆေး၍ အစားအသောက် လက်ဆောင်ခြင်းများ ချီးမြှင့်ပေးအပ်သည်။

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့၌ ဒီဇင်ဘာ ၂၀ ရက်တွင် (၃၈)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် ပြည်မြို့တွင် နေထိုင်သည့် အသက်(၄၉)နှစ်ရှိ အသည်းလှူနာအမျိုးသားနှင့် အသက်(၃၉)နှစ်ရှိ အသည်းအလှူရှင် အမျိုးသမီး မောင်နှမ ဝမ်းကွဲတို့ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် (၃၉)ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူ အသက်(၅၈)နှစ်ရှိ အသည်းလှူနာအမျိုးသမီးနှင့် အသက်(၂၅)နှစ်ရှိ အသည်းအလှူရှင် အမျိုးသား သားအမိတို့ကိုလည်းကောင်း အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီး အသည်းအလှူရှင်များနှင့် အသည်းလက်ခံသူ လူနာများမှာ ကျန်းမာရေး တိုးတက်ကောင်းမွန်လျက်ရှိသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ခြောက်ထပ်ဆောင်၌ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် ပါဝင်ခဲ့သော လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဆေးရုံကြီးတွင် ပုံမှန်ဆောင်ရွက်လျက်ရှိသည့် ကျောက်ကပ် အစားထိုးခွဲစိတ်ကုသမှုတွင်ပါဝင်သော တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်တွင်း၌ အသည်းအစားထိုးနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူများအနေဖြင့် ပြည်ပသို့သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေခြင်း၊ ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီမှ စိုက်ထုတ်သုံးစွဲရငွေ လျော့ကျစေမည်ဖြစ်ကြောင်းနှင့် အသည်းအစားထိုးနှင့် ကျောက်ကပ် အစားထိုးခွဲစိတ်ကုသမှုများ ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်နိုင်ရေး မှာကြားသည်။

ထို့နောက် အသည်းအစားထိုးကုသမှု အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပါဝင်ခဲ့ကြသည့် အသည်းအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ အထောက်အကူပြုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**စစ်ကိုင်း ဒီဇင်ဘာ ၂၉**

ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သင်ကြား၊ စီမံဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



**အသိပညာပေး**

ဟောပြောပွဲတွင် စစ်ကိုင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ် စုပေါင်းကာကွယ် ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး မီးခိုးမြူငွေ့ လျှော့ချရေးနှင့် လေထုညစ်ညမ်းမှုဆိုင်ရာ PM 2.5 အကြောင်း အသိပညာပေး Video Clip အား ပြသသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက် လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ ရွေ့လျားစာကြည့်တိုက်ဖြင့် သုတ/ရသ စာအုပ်စာစောင်များ ငှားရမ်းပေး

**ထားဝယ် ဒီဇင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ လာရောက်မငှားရမ်းနိုင်သည့် ရပ်ကွက်များသို့ ရွေ့လျားစာကြည့်တိုက် Mobile Library Bus ဖြင့် သုတ/ရသစာအုပ်စာစောင်များ တင်ဆောင်၍ လှည့်လည်ငှားရမ်းပေးလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက ထားဝယ်မြို့ ဌာနဆိုင်ရာရုံးများနှင့် အခြေခံပညာကျောင်းများသို့ သုတ/ရသ စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့သည်။

**ငွေဇင်ယော်(ထားဝယ်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

*စာမျက်နှာ ၈ မှ*

အရာတွေပါ။ ဘယ်လိုလေ့ကျင့်ကြမလဲ။ ကာယကံ၊ ဝစီကံအမှုကို သီလကစောင့်ရှောက်ထိန်းသိမ်းပေးသည်ဆိုတာ ဗုဒ္ဓဘာသာဝင်အားလုံး သိထားပြီးသော တရားဖြစ်၍ ငါးပါးသီလ၊ ရှစ်ပါးသီလကို တတ်နိုင်သမျှ စောင့်ထိန်းကြပါမည်။ မနောကံကိုတော့ သမထ၊ ဝိပဿနာ၊ ဘာဝနာအားဖြင့် စောင့်ထိန်းနိုင်သည်။ မိမိစိတ်ကိုသတိလေးကပ်ပြီး ထိန်းကျောင်းဆင်ခြင်နေရသည့် ဘာဝနာအလုပ်ပေးတရားကြောင့် ကိလေသာအညစ်အကြေးများ တဒင်္ဂလေးကင်းနေသည်ကပင် အမြတ်တစ်ခုဖြစ်နေပါပြီ။

စက္ကန့်မလပ် အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောကို ဆင်ခြင်နိုင်လျှင်တော့ ကြီးစွာသော အမြတ်ဖြစ်မည်ပေါ့။ ထိုသို့ အားထုတ်မှုမှရလာသည့် သတိ၊ သမာဓိတရားများကြောင့်ပင် လက်တွေ့ဘဝ ပတ်ဝန်းကျင်၌ ဘယ်လိုလူသူ၊ ဘယ်လိုနေရာ၊ ဘယ်လိုအခြေအနေတွင် ဘာအာရုံပဲလာလာ လောဘဆိုလည်း မများအောင်၊ ဒေါသဆိုလည်း လျှော့နိုင်အောင်၊ အမှန်သိ၍ တွေဝေမိုက်မှား မောဟဆိုလည်းဆင်ခြင်နိုင်အောင် နေတတ်လာမည်မှာ ဧကန်ပါ။ ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားတတ်အောင် နာယူပြီးသကာလ ကာယကံ၊ ဝစီကံ၊ မနောကံအမှုတို့တွင် အကုသိုလ်များဖြစ်မသွားအောင် ဘာဝနာအကျင့်မှ ရလာသည့် သတိဆိုသည့် တရားနှင့်လည်း ထိန်းတတ်လာပါမည်။ ဤသည်ပင် ယခုပစ္စုပ္ပန်တွင် အကြောင်းများကောင်းအောင် လုပ်နေခြင်းဖြစ်ပါသည်။ ဝီရိယနှင့် သဒ္ဓါကိုပါ ထည့်ပေါင်းလိုက်လျှင်မူ ပို၍ကောင်းသော အထောက်အပံ့များ ဖြစ်သွားပါပြီ။

ဤလို တရားသဘောများ၊ အဆုံးအမများ များစွာ၊ များစွာကို အားလုံး၊ အားလုံးက လိုက်နာကျင့်ကြံကြရုံသာ။ အတိတ်ဘဝ ကုသိုလ်ကံကောင်းခဲ့၍ ရခဲ့လှသည့်ပစ္စုပ္ပန်လူ့ဘဝတွင် အကြောင်းကောင်းများတည်ဆောက်ဖို့ အချိန်ကျန်သေးသည်ဆိုလျှင် ယခုအချိန်သည် အကောင်းဆုံးအချိန်ပါ။ သူသူငါငါ အပြစ်တင်မစောကြပါနှင့်။ ပြဿနာမှန်သမျှ တရားဖြင့် ရှေ့ဆောင်၍ ဖြေရှင်းကြမည်ဆိုလျှင် ပြေလည်နိုင်ပါသည်။။ ဓမ္မအသိအခြေခံသည့် ပညာဉာဏ်နှင့်တကွ အမြော်အမြင်ရှိသည့်၊ အတ္တနည်းသည့် ခေါင်းဆောင်များ၊ နိုင်ငံသားများ၊ ကလျာဏမိတ်ဆွေကောင်းများ များစွာရှိနေသရွေ့ မိမိဖန်တီးချင်သည့် ပုံစံတစ်ခုကိုရမည်မလွဲပါ။ သို့မှသာ ဘာကိုမျှ လွန်လွန်ကျူးကျူးမဖြစ်စေဘဲ မိမိကိုရော မိမိလူ့အဖွဲ့အစည်းနှင့်ပတ်ဝန်းကျင်ကိုပါ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြလိမ့်မည်ဟု သဘောပိုက်ပါသည်။

တရားအခံရှိသူသည် ပတ်ဝန်းကျင်နှင့်လည်း အဆင်ပြေပါသည်။ ပြဿနာကို စိတ်ထားဖြူဖြူစင်စင် ကြည်ကြည်လင်လင်ဖြင့် ဖြေရှင်းနိုင်စွမ်းရှိပါသည်။ ကောင်းမှု၊ မကောင်းမှုကို ရှင်းလင်းစွာသိသည့်အတွက် ပေါက်ကွဲတော့မည့် အားပြိုင်မှုတွေကို များစွာလျော့ပါးစေနိုင်ပါသည်။ ထို့ကြောင့် ထိုအခြင်းအရာများသည်သာ စစ်မှန်သောအရည်အချင်းများဖြစ်ပါသည်။ ထိုအရည်အချင်းများပိုင်ဆိုင်ထားသမျှ မဖြေရှင်းနိုင်စရာ ပြဿနာဟူ၍လည်း ရှိမည်မဟုတ်ပါ။ ပြည့်ဝသောလိုအင်ဆန္ဒချမ်းသာဟူသမျှသည် တရားဓမ္မမှသာလာသည်ကို ဤသို့ပင် သက်သေထူနိုင်ပါလိမ့်မည်။ ။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး (၂၀၂၅) ကျင်းပ

## မိမိတို့အနေဖြင့် ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုများနှင့် စပ်လျဉ်းပြီး INTERPOL၊ ASEANAPOL တို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ အစည်းအဝေး (၂၀၂၅) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးသို့ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲချုပ်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက် ခဲ့ကြသည်။



အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၂၀၂၅) တွင် အမှာစကားပြောကြားစဉ်။

### ပိုမိုလုပ်ဆောင်လာ

အစည်းအဝေးတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးက အကြမ်းဖက်မှုသည် နိုင်ငံရေး၊ လူမှုရေးနှင့် နည်းပညာဆိုင်ရာပြောင်းလဲမှု များနှင့်အတူ ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲလာနေကြောင်း၊ ကမ္ဘာလုံး ဆိုင်ရာ အကြမ်းဖက်မှု အညွှန်းကိန်း (Global Terrorism Index-GTI) အစီ ရင်ခံစာအရ အကြမ်းဖက်မှုပုံသဏ္ဌာန် သည် သမားရိုးကျ နည်းလမ်းများမှ နည်းပညာမြင့်မားသည့် Hybrid ပုံစံသို့ ကူးပြောင်းလာနေကြောင်း၊ ကမ္ဘာတစ်ဝန်း ရှိ Non-State Actor များသည် Drone များကို ပိုမိုအသုံးပြုလာကြောင်း၊ မိမိနိုင်ငံ တွင်လည်း အကြမ်းဖက်အဖွဲ့အစည်းများ သည် Drone နည်းပညာဖြင့် အရပ်သား ပစ်မှတ်များကို တိုက်ခိုက်ခြင်း၊ အခြေခံ အဆောက်အအုံများကို ဖျက်ဆီးခြင်းတို့ လုပ်ဆောင်နေသည့်အပြင် ဆိုက်ဘာ နယ်ပယ်ကို အသုံးပြု၍ ဝါဒဖြန့်ခြင်း၊ ရန်ပုံငွေရှာခြင်းတို့ကိုလည်း ပိုမိုလုပ်ဆောင် လာကြကြောင်း။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကို ရည်ရွယ်ချက် ၅ ရပ်ဖြင့် ရေးဆွဲ၍ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါဥပဒေနှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့် ၁၉ ချက် ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ကြောင်းနှင့် ထိရောက်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်း ကော်မတီ ၃ ရပ်နှင့် လုပ်ငန်းအဖွဲ့ ၅ ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

### ထောင်နှင့်ချီပြီး အသက်ဆုံးရှုံး

အကြမ်းဖက် သောင်းကျန်းသူများ သည် ၎င်းတို့ကို ဆန့်ကျင်ရှုတ်ချသူများကို သာမက မထောက်ခံသူများ၊ အေးချမ်းစွာ နေထိုင်လိုသူများကိုလည်း ရန်သူအဖြစ် သတ်မှတ်ပြီး လုပ်ကြံစွပ်စွဲ သတ်ဖြတ်ခဲ့ကြ ပါကြောင်း၊ သို့ဖြစ်၍ ရဟန်းသံဃာများ၊ သီလရှင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူး များ၊ ပညာရေး၊ ကျန်းမာရေး၊ အထွေထွေ အုပ်ချုပ်ရေး စသည်တို့အပါအဝင် ဌာန ဆိုင်ရာ ဝန်ထမ်းများ၊ အမျိုးသမီးများနှင့် ကလေးငယ်များ အပါအဝင် သာမန် ပြည်သူများ ထောင်နှင့်ချီပြီး အသက် ဆုံးရှုံးခဲ့ရပါကြောင်း၊ ပြုစုထားသော စာရင်းများအရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက် အထိ အကြမ်းဖက်တိုက်ခိုက်မှုများ ကြောင့် နိုင်ငံတစ်ဝန်း အဆောက်အအုံနှင့် ပစ္စည်းများ စုစုပေါင်း ၇၅၉၈ ခု ပျက်စီး ဆုံးရှုံးခဲ့ပြီး အပြစ်မဲ့အရပ်သားများ၊ သံဃာ တော်များ၊ ကလေးသူငယ်များ၊ အုပ်ချုပ် ရေးဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရ ဝန်ထမ်းများ၊ စုစုပေါင်း ၉၉၀၈ ဦး သေဆုံး ခဲ့ကြောင်းနှင့် ၁၃၀၁၁ ဦး ဒဏ်ရာရရှိခဲ့ ပါကြောင်း။

### တားဆီးတိုက်ဖျက်ရန်လို

ကမ္ဘာတစ်ဝန်းရှိ အကြမ်းဖက်အဖွဲ့ များသည် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်းတို့အပါအဝင် တရားမဝင် လမ်းကြောင်းများမှ ရန်ပုံငွေရှာဖွေကြ ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Financial Action Task Force (FATF) ၏ စောင့်ကြည့် မှုအောက်မှ လွတ်မြောက်နိုင်ရေးအတွက် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှု ကို တားဆီးတိုက်ဖျက်ရန် လိုအပ်ပါ ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းဥပဒေ များ၊ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၃၇၃) နှင့် (၂၄၆၂) အပါအဝင် နိုင်ငံတကာပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါ ကြောင်း။

### နိုင်ငံဖြတ်ကျော်မှုခင်းများ ကျူးလွန်နေ

အကြမ်းဖက်AAအဖွဲ့၏မူးယစ်ဆေးဝါး ကုန်သွယ်မှုလုပ်ငန်းသည် ကြီးထွား ကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်လုပ်ရန် ဓာတုဆေးဝါး မှောင်ခိုတင်သွင်းခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ သယ်ဆောင် သိုလှောင်ခြင်း၊ ပြည်တွင်း၌ဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ရန် ချိတ်ဆက်ဆောင်ရွက် ခြင်းတို့ကို နိုင်ငံတကာမူးယစ်ရာဇဝများ နှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိပါ ကြောင်း၊ AA အဖွဲ့ဝင်များ ပါဝင်ပတ်သက် နေသော မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများ အနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်အထိ ၂၄ ကြိမ်ရှိခဲ့ပါ ကြောင်းနှင့် AA ခေါင်းဆောင်ပိုင်းများ ကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့သော အမှု ၉ မှုပါဝင်ပါကြောင်း၊ ထွက်ဆိုချက်များအရ အဖမ်းခံရသူများသည် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချခြင်းကို ပုဂ္ဂလိက စီးပွားရေးအဖြစ် လုပ်ဆောင်နေခြင်း မဟုတ်ဘဲ AA အဖွဲ့အတွက် တာဝန် ပေးအပ်ခံရသဖြင့် လုပ်ဆောင်နေခြင်းဖြစ် သည်ဟု သိရှိရပါကြောင်း၊ မူးယစ်ဆေးဝါး မှ ရရှိသော အကျိုးအမြတ်များအနက် ၇၀ ရာခိုင်နှုန်းခန့်ကို လက်နက်ခဲယမ်း ဝယ်ယူဖြည့်တင်းရာတွင် အသုံးပြုပါ ကြောင်း၊ ၎င်းတို့သည် နိုင်ငံတကာ လက်နက်မှောင်ခိုဂိုဏ်းများနှင့် ချိတ်ဆက် ပြီး လက်နက်ခဲယမ်းနှင့် စိတ်ကြွဆေးပြား လဲလှယ်ခြင်းအပါအဝင် ငွေကြေးခဝါချ ခြင်း၊ လူကုန်ကူးခြင်းစသည့် နိုင်ငံဖြတ် ကျော် မှုခင်းများကိုလည်း ကျူးလွန်နေ သည်ကို တွေ့ရှိရပါကြောင်း။

### အပြန်အလှန် ချိတ်ဆက်

အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးခဝါချမှုနှင့် လူကုန်ကူးမှုတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်နေပါကြောင်း၊ ၂၀၂၅ ခုနှစ်၏ နိုင်ငံတကာနှင့် ဒေသတွင်း ဖြစ်စဉ်များအရ အကြမ်းဖက်အဖွဲ့များ သည် ၎င်းတို့၏ စစ်ဆင်ရေးစရိတ်နှင့် လက်နက် ဝယ်ယူရန်ငွေကြေးကို မူးယစ် ဆေးဝါးရောင်းဝယ်မှုမှ အဓိကရရှိကြခြင်း ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် လူကုန် ကူးမှုမှ ရရှိသော ငွေများကို Crypto-currency အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ခြေရာဖျောက် ခဝါချပြီးနောက် အဆိုပါ ငွေများအား အကြမ်းဖက်လုပ်ငန်းများ တွင် ပြန်လည်အသုံးပြုခြင်းဖြစ်ပါ ကြောင်း၊ အဆိုပါမှုခင်းများသည် နယ်စပ် ဖြတ်ကျော် ချိတ်ဆက်နေခြင်းဖြစ်သဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုအပါ အဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီး နှိမ်နင်းရေးလုပ်ငန်းစဉ်များ၏ အဓိက သော့ချက်သည် သတင်းအချက်အလက် မျှဝေခြင်းနှင့် ဥပဒေကြောင်းအရ အပြန် အလှန် အကူအညီပေးခြင်းတို့ ဖြစ်ပါ ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပြစ်မှု ဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေကို ပြဋ္ဌာန်းထား ရှိပြီး ဥပဒေနှင့်အညီ ဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဖွဲ့စည်းထားပြီးဖြစ်သော ဗဟိုအဖွဲ့များ အနေဖြင့် အပြန်အလှန် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါ ကြောင်း။

အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး သည် မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ် သည့် အချက်ဖြစ်ပါကြောင်း၊ နိုင်ငံ တစ်နိုင်ငံချင်းစီ၏ သီးခြားဆောင်ရွက် ချက်များသည် နယ်စပ်ဒေသ၌ ရပ်တန့် သွားနိုင်သော်လည်း နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုသည် အကြမ်းဖက်သမား များအတွက် မည်သည့်နေရာမှ ခိုလှုံရာမရှိ စေရန် ဖန်တီးပေးနိုင်ပါကြောင်း၊ အကြမ်း ဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများတွင် သတင်း အချက်အလက်များ မျှဝေခြင်း၊ တရား ဥပဒေစိုးမိုးရေး လုပ်ဆောင်ချက်များကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှု၏ မူလဇာစ်မြစ်ကို ဖြေရှင်းရန် အတူတကွ လုပ်ဆောင်ခြင်းတို့ ပါဝင်နေပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမားများ၊ အကြမ်းဖက် အုပ်စုများနှင့် စပ်လျဉ်းပြီး INTERPOL၊ ASEANAPOL တို့နှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂပဋိညာဉ်၊ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ ကုလသမဂ္ဂ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆိုင်ရာမဟာဗျူဟာ၊ အာဆီယံအကြမ်း ဖက်မှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း၊ ဘင်းမ်စတက် ကွန်ဗင်းရှင်းစသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာမူဘောင်များအပေါ် အခြေခံ၍ "အကြမ်းဖက်မှု၊ အစွန်းရောက်အကြမ်း ဖက်ဝါဒနှင့် အစွန်းရောက်မှုတိုက်ဖျက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မူဝါဒရေးရာ လမ်းညွှန်ချက် (မူကြမ်း)" ကို ရေးဆွဲပြီးစီး ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ မူဝါဒရေးရာ လမ်းညွှန်ချက်ကို အခြေခံ၍ အမျိုးသား အဆင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး မဟာဗျူဟာကို ရေးဆွဲသွားရန် စီစဉ် ဆောင်ရွက်လျက်ရှိသည့်အတွက် အဖွဲ့ဝင် များက သဘောထားမှတ်ချက်နှင့် အကြံပြု ချက်များအား ဆွေးနွေးပေးပို့ကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

### ကဏ္ဍအလိုက် တင်ပြဆွေးနွေး

ဆက်လက်၍ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ လက်ရှိဖြစ်ပေါ် လျက်ရှိသော အကြမ်းဖက်မှုများ၊ မှတ်တမ်းတင်ပေးရန် ကိစ္စရပ်များ၊ အတည်ပြုပေးရန်ကိစ္စရပ်များ၊ အမျိုးသား အဆင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးမဟာ ဗျူဟာဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲချုပ်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများက ကဏ္ဍအလိုက် တင်ပြ ဆွေးနွေးခဲ့ကြပြီး ဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များနှင့် ဆက်လက်ဆောင်ရွက် ရမည့်လုပ်ငန်းစဉ်များကို နိဂုံးချုပ် မှာကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

စွမ်းအင်ကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို တစ်နေရာတည်းတွင် သိရှိလေ့လာနိုင်ရန် ရည်ရွယ် ဖွင့်လှစ်ပြသခြင်းဖြစ်သည်။

ပြတိုက်တွင် ပဒေသရာဇ်ခေတ်မှစ၍ ယနေ့ ကာလအထိ ခေတ်အလိုက် စုစည်းပြသထားသော ပြကွက်များ၊ သမိုင်းကြောင်းများ၊ အထောက်အထား စာရွက်စာတမ်းများ၊ ပုံစံငယ်များ၊ အသုံးအဆောင် ပစ္စည်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ရေနံတူးဖော်ထုတ်လုပ် ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ ရုပ်ကြွ ပုံစံငယ်များ၊ ကမ်းလွန်လုပ်ကွက်များနှင့် သန့်လျင် ရေနံချက် စက်ရုံရာပြည့် အထိမ်းအမှတ်ပြခန်းများ၊ စက်ရုံပုံစံငယ်များ၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင် ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ပြခန်းများကို ရုပ်လုံးရုပ်ကြွပုံစံငယ်များဖြင့် စနစ်တကျ ခင်းကျင်းပြသထားရှိပြီး စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတွင် လက်ရှိကျင့်သုံးနေသည့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ(၂၀၁၃)တွင် ပြဋ္ဌာန်းပါရှိသည့် အချို့စကားရပ်များသည် ခေတ်ကာလအခြေအနေနှင့် ဆီလျော်မှုမရှိခြင်းနှင့် International Organization of Securities Commission– IOSCO သို့ ဝင်ရောက်နိုင်ရေးအတွက် စံသတ်မှတ်ချက်ပြည့်မီရန် လိုအပ်ချက်အရ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ(၂၀၁၃)ကို ပြင်ဆင်လိုခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ပါဝင်သည့် အကြောင်းအရာများကို ပုဒ်မအလိုက် တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် ပြင်ဆင်သည့်အချက်များသည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတကာငွေချေးသက်သေခံလက်မှတ် ကော်မရှင်များအဖွဲ့ (IOSCO) သို့ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်နိုင်ရေးအတွက် စံသတ်မှတ်ချက်ပြည့်မီရန် လိုအပ်ချက်များကို အထောက်အကူပြုနိုင်ရန် အလို့ငှာ ဦးစားပေး ပြင်ဆင်ပြဋ္ဌာန်းသင့်သော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)ကို ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဆက်သွယ်ရေးဥပဒေကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသော ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းနိုင်စေရေးအတွက် ထောက်ခံချက်ပေးရာတွင် ပါဝင်စေရန်ဖြည့်စွက်လိုခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူရာတွင် ဒဏ်ကြေးငွေတပ်ရိုက်ခြင်းကို ထည့်သွင်းဖော်ပြလိုခြင်းတို့ကြောင့် ဥပဒေကို ပြင်ဆင်လိုကြောင်း စိစစ်တွေ့ရှိရပြီး လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရေး ပြင်ဆင်သင့်သောအချက်များဖြစ်၍ ဦးစားပေး ပြင်ဆင်ပြဋ္ဌာန်းသင့်သော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)ကို ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြင်ဦးလွင်မြို့၌ အပတ်စဉ်(၁၁) သစ်လွင်သားဖွား အလုပ်ခန့်အပ်လွှာ အပ်နှင်း

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ အပတ်စဉ်(၁၁) သစ်လွင်သားဖွား အလုပ်ခန့်အပ်လွှာ အပ်နှင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၅ ရှိ မြို့တော်ခန်းမ၌ ပြုလုပ်သည်။



**အလုပ်ခန့်အပ်လွှာ ပေးအပ်**

ဦးစွာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်စိုးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ သင်းသင်းအိနှင့် ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ငြိမ်းချမ်းတို့က သားဖွားသင်တန်းဆင်းဆရာမ ၅၅ ဦးအား သစ်လွင်သားဖွား အလုပ်ခန့်အပ်လွှာများအား ပေးအပ်ကြသည်။

**ဂုဏ်ပြုလက်ဆောင်ပေးအပ်**

ဆက်လက်၍ သစ်လွင်သားဖွားသင်တန်းဆင်း ဆရာမများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီးက မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးအား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **သွေးသွေး(ပြန်/ဆက်)**



## အောင်လံမြို့နယ်၌ မိုးစပါး(ဆာဖိုးသာ) ရိတ်သိမ်းနေမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**မကွေး ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီးအတွင်း သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ အသင်းအချင်းချင်းပံ့ပိုးငွေ၊ သက်တန့်ရောင်စီမံကိန်းရန်ပုံငွေတို့ဖြင့် စီမံကိန်းသီးနှံများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် နံ့ဇူပင်ကျေးရွာ နံ့ဇူပင် စိုက်/ထွေ သမဝါယမအသင်းမှ အသင်းသား ဦးခင်မောင်ဝင်း၏ လယ် ၃ ဒသမ ၅ ဧကတွင် မိုးစပါး(ဆာဖိုးသာ) ရိတ်သိမ်းပြီးစီးမှု၊ ပန်းတိုင်အထွက်နှုန်းရရှိမှု ရှိ/ မရှိတို့ကို မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိတာရီထွန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နံ့ဇူပင် စိုက်/ထွေ သမဝါယမအသင်းတွင် အသင်းသား ၉၀ က မိုးစပါး(ဆာဖိုးသာ) ၂၂၂ ဧက စိုက်ပျိုးပြီး စိုက်ဧက တစ်ဧကလျှင် ငွေကျပ် ၃၀၄၅၀၀ တန်ဖိုးနှင့် ညီမျှသည့်မျိုးနှင့် သွင်းအားစု ငွေကျပ် ၆၇ ဒသမ ၅၉၉ သန်းအား စီမံကိန်းအနေဖြင့် ထောက်ပံ့ခဲ့သည်။ အောင်လံမြို့နယ်အတွင်း သမဝါယမကဏ္ဍမှ သက်တန့်ရောင်စီမံကိန်းအနေဖြင့် အသင်းနှစ်သင်း၊ အသင်းသားတောင်သူ ၁၁၂ ဦး၊ စိုက်ဧက ၃၂၂ ဧကအတွက် သွင်းအားစုပံ့ပိုးငွေ စုစုပေါင်းငွေကျပ် ၁၀၁ ဒသမ ၀၉၄၂ သန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

## မော်လိုက်မြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**မော်လိုက် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေထွန်းအောင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးလမင်းက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါဆပ်ပြာဆီထုတ်လုပ်မှုသင်တန်းကို ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ သင်တန်းသူ ၂၀ အား ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက စာတွေ့ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ကိုထက်(ပြန်/ဆက်)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ကြီးက သင်တန်းဆင်းစစ်သည်များအား စစ်ရေးပြစစ်ဆေးစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team-Work) ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Sprit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်သည်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲတွင် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သန့်ထင်စိုးက သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။







ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့ တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ကြားသိရပါသည် -

၁။ လာရောက်တက်ဖြစ်တာကတော့ မိဘတွေလည်း သဘောတူညီမှုရှိပါတယ်။ ကျွန်တော့်စိတ်ဆန္ဒတစ်ခုကြောင့်လည်း တက်ရောက်ဖြစ်ခဲ့တာဖြစ်ပါတယ်။ အခုလို သင်တန်းကြီးပြီးဆုံးသွားပြီဆိုတော့ ပီတိလည်းဖြစ်ပါတယ်။ အလွန်လည်း ကျေနပ်အားရပါတယ်။ တပ်မတော်သားကောင်းတစ်ယောက်ဖြစ်အောင် နိုင်ငံတော်ကပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်မယ့် တပ်မတော်သားတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။

၂။ သင်တန်းဆင်းရတာ ပျော်တော့ပျော်ပါတယ်။ ဒါပေမယ့် ခွဲခွာရတဲ့အချိန်ကျ တစ်ယောက်နဲ့တစ်ယောက် ဝမ်းနည်းမိတယ်။ ဘယ်လိုသင်ခန်းစာတွေရလဲဆိုတော့ ကြုံတွေ့ရတဲ့အချိန်မှာတော့ ကျွန်တော်သဘောကျပါတယ်။ Uniform ဝတ်တာအစ သဘောကျပါတယ်။ ကျွန်တော်လည်းစစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံမယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ စစ်သားဆိုတာတော့ ကျရာနေရာမှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ရမယ်။ ဒီနေရာမသွားနဲ့ဆို မသွားရဘူး။ ဒီနေရာသွားဆို သွားမယ်။ ဒါလုပ်ဆို လုပ်လိုက်မယ်။ ဒါမလုပ်နဲ့ဆို မလုပ်ဘူး။ စစ်သားကောင်း တစ်ယောက်ပီသစွာ နေထိုင်မယ်လို့ ကျွန်တော်ခံယူထားပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲတွင် ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသိန်းအောင် သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားစဉ်။

## တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ ခုနှစ်) ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် "တရားမျှတမှုရရှိစေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး" ဟူသည့် ဆောင်ပုဒ်ဖြင့် တတိယအကြိမ်မြောက် "တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို အကောင်အထည်ဖော်လျက်ရှိသည်။ မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ နှစ်စဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ "တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ ၂၀၂၆ ခုနှစ်အတွက် စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယနေ့ထုတ်ပြန်လိုက်သည်။

တရားစီရင်ရေးမဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၂၇) တွင် တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ် ဖြစ်သည့် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှု စွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှုအစီအစဉ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်၍ နှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိသည်။







သို့ဖြစ်ရာ ၂၀၂၃ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ်အထိ (၃) နှစ်တာကာလအတွင်း ဦးစားပေးအဆင့် (၁) အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် မပြီးပြတ်သေးသော လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် အသစ်ထပ်မံဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါတရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ စတုတ္ထနှစ်လုပ်ငန်း အစီအစဉ်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာ www.unionsupremecourt.gov.mm တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂.၁.၂၀၂၆ ရက်နေ့ ၀၄:၀၀ အချိန်တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄.၁.၂၀၂၆ ရက်နေ့ ၀၄:၀၀ အချိန်တွင် အလံတင်အခမ်းအနား ၀၇:၀၀ အချိန်တွင် နိုင်ငံတော်အလံ အလေးပြုအခမ်းအနားနှင့် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းတံတားအောက် ရှင်စောပုလမ်းသို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လူငယ်ရေးရာကော်မတီမှ ဖွင့်လှစ်သည့် ကလစ်နှင့်ပန်းကြယ်သီး ပြုလုပ်နည်းသင်တန်းဆင်း

**ပဲခူး ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးဖွင့်လှစ်သည့် Bow ကလစ်နှင့် ပန်းကြယ်သီးပြုလုပ်နည်း သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၆ ရက်က ပဲခူးမြို့ လူငယ်စင်တာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က တိုင်းဒေသကြီးလူငယ်စင်တာတွင် အားကစားပြုလုပ်လိုသူများအတွက် Gym ခန်းနှင့် စာကြည့်တိုက်ကို နေ့စဉ်ဖွင့်လှစ်ထားပြီး ကွန်ပျူတာသင်တန်း၊ ဂီတအနုပညာသင်တန်းများ၊ ပန်းချီသင်တန်းနှင့် အခြားသက်မွေးသင်တန်းများအား အခါအားလျော်စွာ အခမဲ့ဖွင့်လှစ်ပေးလျက်ရှိပြီး လူငယ်များအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ အလုပ်ကိုင်အခွင့်လမ်း၊ စီးပွားရေးစသည့် လူငယ်များအတွက် ချမှတ်ထားသည့် ကဏ္ဍများ စသည်တို့ကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါ်စိုးစိုးသက်က သင်တန်းနည်းပြများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက သင်တန်းသူများ လက်တွေ့ပြုလုပ်ထားသည့် Bow ကလစ်နှင့် ပန်းကြယ်သီးများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




▲ *ကျောဖုံးမှ*

လိုက်ပါကြပြီး ရိုးရိုးတန်းခရီးသည် ၁၈၆ ဦး၊ အထက်တန်း ၆၀ စုစုပေါင်း ၂၄၆ ဦး၊ ဒီဇင်ဘာ ၂၇ ရက်တွင် Zumbar စက်ဘီးစီးအဖွဲ့များ၊ ပြည်နယ်စည်ပင်ရုံး ဝန်ထမ်းမိသားစုများ၊ ရန်ကုန်မြို့မှ ခရီးသွားဧည့်သည်များ၊ တောင်ကြီးမြို့ ကန်ကြီးရပ်ကွက်သူ ရပ်ကွက်သားများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး နှစ်ခေါက်ပေါင်း ခရီးသည် ရိုးရိုးတန်း ၃၅၇ ဦး၊ အထက်တန်း ၁၂၀ စုစုပေါင်း ၄၇၇ ဦးနှင့် ဒီဇင်ဘာ ၂၈ ရက်တွင် ပြင်ပအင်္ဂလိပ်စာသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ အမှတ်(၅) ဈေးသူဈေးသားများနှင့် ကျန်ခရီးသည်များ လိုက်ပါကြပြီး ရိုးရိုးတန်း ခရီးသည် ၁၈၆ ဦး၊ အထက်တန်း ၆၀ စုစုပေါင်း ၂၄၆ ဦးဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါမူ ခရီးစဉ်မှာ (၁၁ ဒသမ ၄၁)မိုင် ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခွဲကြာမြင့်၍ တောင်ကြီးဘူတာမှ နံနက် ၉ နာရီ စတင်ထွက်ခွာကာ လမ်းခရီးတွင် ဘဝသံသရာ အဝိုင်း အနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးခဲ့ပြီး ပေါမူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ ပြုလုပ်ချိန်မိနစ် ၃၀ ရပ်တန့်ပေးကာ ပေါမူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာပြီး တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင်ပြန်လည်ရောက်ရှိသည်။ ထို့အတူ တောင်ကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာသည့် ခရီးစဉ်တွင် တောင်ကြီး ဘူတာသို့ ညနေ ၅ နာရီ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း (၃) တွဲ၊ ရိုးရိုးတန်း(၂)တွဲနှင့် ရထားထိန်းတွဲ(၁) တွဲဖြစ်ပြီး တောင်ကြီး-ပေါမူ အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါမူ အသွား/ အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည် ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စင်းလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

နောက်ဆုံးမိနစ်အထိ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ပွဲချိန် ၃၅ မိနစ်တွင် သွင်းယူရရှိခဲ့သော မားကပ်စ်သူရမ်၏ သွင်းဂိုးကို ဗွီအေအာရ် ကြည့်ရှု စစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် ပထမပိုင်းတွင် ဂိုးမရှိ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။

အင်တာမီလန် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် အက်စ်ပိုစစ်တို၏ ဖန်တီးမှုမှ အသင်းအဓိက တိုက်စစ်ကစားသမား လော်တာရိုမာတီနက်ဇ်က အဆုံးသတ်သွင်းယူပေးခဲ့သည်။ အတ္တလန္တာအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးအချို့ကို အသုံးမချနိုင်ခဲ့ပေ။

ထို့အပြင် အတ္တလန္တာအသင်းသည် အင်တာမီလန်အသင်းကို ပွဲချိန်တစ်လျှောက် အကောင်းဆုံးတုံ့ပြန် ကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်းအားနည်းမှုနှင့် ခံစစ်ပိုင်းအမှား လုပ်ဆောင်မှုကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

စီးရီးအေ ၁၆ ပွဲ ကစားပြီးချိန်တွင် အင်တာမီလန်အသင်းက ရမှတ် ၃၆ မှတ်နှင့်အတူ တစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

**အောင်ဇော်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်ဖျက်တွေ မျှော်လင့်သလို ဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ၃၀-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၇-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကို ဖမ်းဆီး ငွေညှစ် ခြေပြတိုက်နေတဲ့ PDF ခြေပြအကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။

အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်တွင် ဆူဒန်နိုင်ငံ၏ ရွှေထုတ်လုပ်မှု တန်ချိန် ၇၀ အထိ ရောက်ရှိ




**ခါတွန် ဒီဇင်ဘာ ၂၉**

၂၀၂၅ ခုနှစ်အတွက် ဆူဒန်နိုင်ငံ၏ ရွှေထုတ်လုပ်မှုမှာ တန်ချိန် ၇၀ အထိရှိခဲ့ပြီး ယင်းမှာ လျာထားချက်ထက် ၁၃ ရာခိုင်နှုန်း ပိုများပြားကြောင်း ဆူဒန်သတ္တုတွင်း ဝန်ကြီးဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ပြောသည်။

သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဆူဒန်သတ္တုသယံဇာတကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ယခုနှစ်အတွင်း သတ္တုတွင်းကဏ္ဍမှ ဝင်ငွေ ဆူဒန်ပေါင် ၁ ဒသမ ၀၈၇ ထရီလီယံခန့် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံခန့်) ရရှိခဲ့ကြောင်း သိရသည်။

သတ္တုတွင်းဝန်ကြီး နူးရ်အယ်ဒမ်တာဟာက လာမည့်နှစ်တွင် ကြိုးပမ်းအားထုတ်မှုများကို နှစ်ဆတိုးလုပ်ဆောင်ကြရန် တိုက်တွန်းခဲ့ပြီး သတ္တုတွင်းကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် အမျိုးသားစီမံကိန်းအသစ်များကို ထည့်သွင်းရန် ညွှန်ကြားခဲ့သည်။ ဆူဒန်နိုင်ငံသည် နိုင်ငံခြားငွေရရှိရေးမှာ ရွှေတင်ပို့မှုပေါ်တွင် မှီခိုအားထားနေရပြီး နိုင်ငံ၏ ရွှေထုတ်လုပ်မှုမှာ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြားတွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဆူဒန်နိုင်ငံ၏ ရေနံမဟုတ်သော ပို့ကုန်များအနက် ရွှေသည် အများဆုံးတင်ပို့ရသော ပစ္စည်းဖြစ်သည်။ စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၅၇ ဘီလီယံရှိသည့်အနက် ရွှေတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၂ ဘီလီယံရှိခဲ့ပြီး ယင်းမှာ ရေနံမဟုတ်သော ပို့ကုန်စုစုပေါင်း၏ ၄၆ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း ဆူဒန်ဗဟိုဘဏ်၏ စာရင်းအင်းအချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၂၁ သန်းကျော် ရှိမည်ဟု ခန့်မှန်း

**ဟနွိုင်း ဒီဇင်ဘာ ၂၉**

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ၂၁ ဒသမ ၅ သန်း လာရောက်လည်ပတ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း ဗီယက်နမ်ခရီးသွားလုပ်ငန်းအမျိုးသားအာဏာပိုင်အဖွဲ့၏ ပြောကြားချက်ကိုကိုးကား၍ နေ့စဉ်ထုတ်သတင်းစာနမ်ဒန်က ဒီဇင်ဘာ ၂၉ ရက်တွင် ဖော်ပြထားသည်။



ထို့အပြင် ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းခရီးသွား ၁၃၅ ဒသမ ၅ သန်းအထိ ရှိလာရန်လည်း ခန့်မှန်းထားကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။ ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေသည် ဗီယက်နမ်ဒေါင် ၁ ကွာဒရီလီယံ (အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၈ ဘီလီယံခန့်) ရှိမည်ဟု ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံသည် လာမည့်နှစ်တွင် နိုင်ငံတကာခရီးသွား ၂၅ သန်းနှင့် ပြည်တွင်းခရီးသွား သန်း ၁၅၀ အထိ ရောက်ရှိရေး မျှော်မှန်း လုပ်ဆောင်လျက်ရှိပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ဗီယက်နမ်ဒေါင် ၁ ဒသမ ၁၂ ကွာဒရီလီယံကျော် (အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၆ ဘီလီယံခန့်) ရရှိရေး ရည်မှန်းထားသည်။ **ဆင်ဟွာ**




# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၂၅၆၂ ဦးနှင့် သေဆုံးသူ ၄၁၂ ဦးရှိ

**ဒါကာ ဒီဇင်ဘာ ၂၉**

တောင်အာရှနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၂၅၆၂ ဦးရှိပြီး သေဆုံးသူ ၄၁၂ ဦးရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုဝင်ဘာလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူစုစုပေါင်း ၂၄၅၃၅ ဦးရှိပြီး ဒီဇင်ဘာလတွင်လည်း ရောဂါဖြစ်ပွားသူ ၈၁၆၅ ဦးရှိကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါကြောင့် အောက်တိုဘာလအတွင်း သေဆုံးသူ ၈၀၊ နိုဝင်ဘာလအတွင်း သေဆုံးသူ ၁၀၄ ဦးနှင့် ဒီဇင်ဘာလအတွင်း သေဆုံးသူ ၃၀ ရှိကြောင်း အထွေထွေကျန်းမာရေးဝန်ဆောင်မှုဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်)က ဒီဇင်ဘာ ၂၈ ရက်ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်ကလည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ တစ်သိန်းကျော်ရှိပြီး သေဆုံးသူ ၅၇၅ ဦးရှိကြောင်း၊ ၂၀၂၃ ခုနှစ်ကလည်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဆက်စပ်ပြီး သေဆုံးသူ ၁၇၀၅ ဦးရှိရာ နှစ်စဉ်သေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ရောဂါတစ်ခုဖြစ်ပြီး အေဒီးစ်ခြင်ကိုက်ခံရခြင်းမှ တစ်ဆင့် ရောဂါဖြစ်ပွားကြောင်း သိရသည်။

အဆိုပါရောဂါသည် ခေါင်းကိုက်ခြင်း၊ အပြင်းဖျားခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ကြွက်သားနှင့် အဆစ်အမျက်နာခြင်း၊ အန်ခြင်းနှင့် အဖုအပိမ့်များထွက်ခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပေါ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်မြို့တော်ရှိ ဘိုးဘွားရိပ်သာမီးလောင်၊ ၁၆ ဦးသေဆုံး

**ဂျကာတာ ဒီဇင်ဘာ ၂၉**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ် မြို့တော်မာနာဒိုရှိ ဘိုးဘွားရိပ်သာတစ်ခုတွင် လောင်ကျွမ်းခဲ့သော မီးလောင်မှုကြောင့် သေဆုံးခဲ့သူ ၁၆ ဦးကို မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ခွဲခြားနိုင်ရန် ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည်။

မြောက်ဆူလာဝေစီ ဒေသရဲတပ်ဖွဲ့ဆေးရုံဖြစ်သော ဘာယန်ကာရာဆေးရုံ၌ သေဆုံးသူများ၏ ရုပ်အလောင်းများကို မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ခွဲခြားလျက်ရှိသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြောက်ဆူလာဝေစီပြည်နယ်ပြည်သူ့ဆက်ဆံရေးအကြီးအကဲ အလမ်ဆာယာပီဟာဆီဘူရန်က ကျန်ရစ်သူမိသားစုများနှင့်မဆက်သွယ်မီ သေဆုံးသူများကို မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားနိုင်ရန် ထိုသို့ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။



**မီးလောင်မှုဖြစ်ပွားနေစဉ် ဒေသခံပြည်သူများက သက်ကြီးအဘိုးတစ်ဦးကို ကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။**

၎င်း၏ ပြောကြားချက်အရ ဘိုးဘွားရိပ်သာမီးလောင်မှုသည် ဒေသစံတော်ချိန် ည ၈ နာရီ ၃၆ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကို ည ၉ နာရီခွဲတွင် ငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှု ဖြစ်ပွားနေကြောင်း သတင်းပေးပို့ချက်အရ မီးသတ်အရာရှိများသည် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန်သွားရောက်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ခဲ့ကြသည်။

အသက်ရှင် ကျန်ရစ်သူများကို မာနာဒိုမြို့ ပြည်သူ့ဆေးရုံနှင့် ပါမာဒါဘွန်ဒါဆေးရုံများသို့ ရွှေ့ပြောင်းခဲ့ပြီး ကွယ်လွန်သူများကိုလည်း နောက်ထပ်လိုအပ်သည်များ စီမံနိုင်ရန် အဆိုပါဆေးရုံများသို့ပင် လွှဲပြောင်းပေးခဲ့သည်။

ကနဦးမီးလောင်မှုဖြစ်စဉ်ကို သိရှိရန် ရဲမှုခင်းဆေးအဖွဲ့က စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၃၃ သန်းကျော် လာရောက်လည်ပတ်

**ကိုလံဘို ဒီဇင်ဘာ ၂၉**

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် လာရောက်လည်ပတ်မှုမှာ ၂၀၁၈ ခုနှစ်အတွင်း အမြင့်ဆုံးအရေအတွက်ကို ကျော်လွန်လာကြောင်း ခရီးသွားလုပ်ငန်းအာဏာပိုင်များက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်စုစုပေါင်း ၂၃၃၃၇၉၇ ဦးရှိရာ ၂၀၁၈ ခုနှစ်က လာရောက်သူဦးရေထက် ကျော်လွန်ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

သီရိလင်္ကာခရီးသွားလုပ်ငန်းကဏ္ဍသည် နိုင်ငံခြားဝင်ငွေရရှိသည့် အဓိကအလုပ်အကိုင် အရင်းအမြစ်တစ်ခုလည်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ဆင်ဟွာ**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ယားဖေး အခြေခံပညာမူလတန်းကျောင်း(ခွဲ) တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

**ဘားအံ ဒီဇင်ဘာ ၂၉**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် နောင်ယားဖေး အခြေခံပညာမူလတန်းကျောင်း(ခွဲ)၏ ပေ(၆၀ x ၃၀) အာရ်စီစီ တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီက နောင်ယားဖေးကျေးရွာရှိ အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။**(ယာပုံ)**



နောင်ယားဖေး အခြေခံပညာမူလတန်းကျောင်း(ခွဲ)သည် မူလကိုယ်ထူကိုယ်ထကျောင်းမှ ၂၀၂၂ ခုနှစ်တွင် မူလတန်းကျောင်း(ခွဲ)အဖြစ် စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး မူလကျောင်းဆောင် (၂၀ x ၁၅)ပေ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းစာသင်ဆောင်ကို ဖျက်သိမ်း၍ ပေ(၆၀x၃၀)အာရ်စီစီတစ်ထပ်ကျောင်းဆောင်သစ်ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၂ ဒသမ ၆၄၈ သန်းဖြင့် ဓနတိုးပွားကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားတရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ဖွင့်ပွဲတွင်ပါဝင်အားဖြည့် ကူညီပေးကြသောဘင်ခရာ၊ ပန်းဖွားအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ကမ္ပည်း ကြေးပြားအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ်နှင့် ပညာရေးဌာနမှ ဖြည့်ဆည်းပေးထားသော စာရေးခုံ၊ ပရိဘောဂများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အတွင်း ကျောင်းဆောင်တည်ဆောက်ရေးလုပ်ငန်းပေါင်း ၄၄ ခုကို ခွင့်ပြုတည်ဆောက်ပေးလျက်ရှိပြီး မိမိတို့၏သားသမီးများ အေးချမ်းစွာဖြင့် လုံခြုံသောအဆောက်အအုံတွင် အဆင်ပြေစွာဖြင့် ပညာသင်ကြားနိုင်ပြီဖြစ်ကာ ရေရှည်တည်တံ့ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်၍ လိုအပ်ချက်များအတွက် ကျောင်းအကျိုးတော်ဆောင်များ၊ မိဘများကလည်း ဝိုင်းဝန်းဖြည့်ဆည်း ကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ယူတည်ဆောက်သည့် ဓနတိုးပွားကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင် မိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**လွိုင်ကော် ဒီဇင်ဘာ ၂၉**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို အနှစ်သာရရှိစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကော်မတီအသီးသီးက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ အခမ်းအနားကို ပြည်နယ်အဆင့်နှင့် လျော်ညီစွာ ဌာနဆိုင်ရာပြခန်းများ၊ ရိုးရာအဝတ်အထည်နှင့် အစားအသောက်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအကများ၊ ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ပြည်နယ်သူ ပြည်နယ်သားများအားလုံး ဂုဏ်ယူစွာဖြင့် ပါဝင်ဆင်နွှဲနိုင်သည့် အခမ်းအနားဖြစ်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ လိုအပ်ချက်များနှင့် ဖြည့်ဆည်းပေးရန်အချက်များကို တင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အလုပ်အကိုင်အမျိုးအစား ၇၁ မျိုးအတွက် ကျွမ်းကျင်မှုစံ ၁၀၄ မျိုးကို အတည်ပြုပြဋ္ဌာန်းထားပြီး ၃၁၁၇၉ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အလုပ်အကိုင် ၁၄ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၇၇၉ ဦး၊ အလုပ်အကိုင် သုံးမျိုးအတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန သုံးခုနှင့် အလုပ်အကိုင်လေးမျိုးအတွက် စစ်ဆေးအကဲဖြတ်သူ ၁၂ ဦးတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို **(ယာပုံ)** ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မင်္ဂလာဒုံစက်မှုဇုန်ရှိ ဇာပန်းထိုးစက်ရုံများဖြစ်သည့် Sun Flower Lace (1) Co., Ltd. ၊ Lxora Bridal Co., Ltd. နှင့် မာမီးဒါဘယ်ဒက်ကာကုမ္ပဏီ အသင့်စားခေါက်ဆွဲစက်တို့ကိုသွားရောက်၍ စက်ရုံရှိ တာဝန်ခံများ၊ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများနှင့်တွေ့ဆုံ၍ လုပ်ငန်းခွင်အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြား၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးစုယဉ်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ပြိုင်ပွဲဝင်စည်းကမ်းများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများ၏ အဖျက်အမှောင့် လုပ်ရပ်များကြားမှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီမိုကရေစီစနစ်ကိုလိုလားသူပြည်သူလူထုများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည်အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို ဒီဇင်ဘာ ၂၈ ရက်နေ့တွင် အောင်မြင်စွာကျင်းပပြီးမြောက်ခဲ့ပြီးဖြစ်သည်။

ရွေးကောက်ပွဲအပိုင်း(၁)တွင် နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၀၂ မြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နံနက် ၆ နာရီမှ မဲရုံပိတ်သိမ်းသည်အထိ မည်သည့်ဖိအားတစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့်သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်ကို အားလုံးတွေ့မြင်ခဲ့ကြပြီးဖြစ်သည်။

### အကြမ်းဖက်ဝါဒကို ဆက်လက်စွဲကိုင်

ထိုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုက ဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်နေချိန်တွင် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် အကြမ်းဖက်ဝါဒကို ဆက်လက်စွဲကိုင်ကာ နိုင်ငံအတွင်းရှိ အချို့နေရာများ၌ ရွေးကောက်ပွဲ အထမမြောက်စေရန်၊ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များ မဲရုံများသို့ မသွားနိုင်စေရန်၊ ဖွင့်လှစ်ပြီး မဲရုံများပျက်စီးဆုံးရှုံးစေရန်နှင့် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်များ ထိတ်လန့်တုန်လှုပ်စေရန် ယုတ်မာရိုင်းစိုင်းသောရည်ရွယ်ချက်များဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ် ဝိုက်၍သော်လည်းကောင်း အဝေးမှ လက်လုပ်လက်နက်ကြီးများ၊ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်နှောင့်ယှက်ခြင်း၊ အသံမိုင်းများဖောက်ခွဲပြခြင်း၊ မဲရုံသို့လာရောက်ရန် ကြို/ပို့ ယာဉ်များအား တားဆီးခြင်း၊ ခြိမ်းခြောက်စာများပို့ခြင်း စသည့် ခြိမ်းခြောက်မှုများရှိခဲ့သကဲ့သို့ ဒရုန်းများဖြင့် Drop Bomb ချခြင်း၊ Fixed Wing ဖြင့် ပစ်ခတ်ခြင်းနှင့် မဟုတ်မမှန်သတင်းများ ဖြန့်ဝေခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့ကြသည်။

### အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်

ထိုသို့လုပ်ဆောင်ခဲ့ကြရာ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကျင်းပခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်၌ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၈၂) ၌ လက်လုပ်အသံမိုင်းဖောက်ခွဲခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက် အတွင်းသို့ ၁၀၇ မမ လက်လုပ်ဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်အနီးနှင့် အမှတ်(၅)ရပ်ကွက်ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး အမှတ်(၂) တံတားအနီးတို့၌ ဒေသန္တရလက်လုပ်မိုင်းများ ဖောက်ခွဲခြင်း၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအား Fixed Wing ဖြင့် ပစ်ခတ်ခြင်း၊ ခမောက်ကြီးမြို့ အောင်ချမ်းသာကျေးရွာအုပ်စု ယုဇနဆီအုန်းကုမ္ပဏီ၊ မာရမ်းပျိုးခြံမှ ဆန္ဒမဲပေးရန်မဲရုံသို့သွားရောက်သည့် ဆီအုန်းခြံလုပ်သား ၁၇၀ အား တားဆီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂) အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ စစ်ကိုင်းမြို့ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ လက်လုပ်ရှော့တိုက်ဒုံးခြောက်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တမူးမြို့ စော်ဘွား(၁) ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၃)အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ကသာမြို့မြောက်ဘက်နှင့် တောင်ဘက်မှ လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မြင်းခြံမြို့ ထွေ/အုပ်ရုံးအနီး၊ တရားရုံးအနီးနှင့် ဗဟိုအကျဉ်းထောင်ကြားလမ်းအနီးတို့သို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ညောင်ဦးမြို့နယ် ဇုန်အမှတ် (၉)၊ မဲရုံအမှတ် (၆၄)၊ အခြေခံပညာ မူလတန်းကျောင်း (ပွဲနှ်)စာသင်ကျောင်းအနီးသို့ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို ဒီဇင်ဘာ ၂၇ ရက် ညနေမှ ၂၈ ရက် ညနေပိုင်းအထိ အပိုင်း(၁) မဲဆန္ဒနယ် ၁၀၂ မြို့နယ်အနက် မြို့နယ် ၁၁ ခုတို့၌ နှောင့်ယှက်မှုများပြုလုပ်ခဲ့ကြရာ ပြည်သူ ငါးဦးခန့်သာ အနည်းငယ်ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားခဲ့သော်လည်း လွတ်လပ်၍တရားမျှတပြီး ဂုဏ်သိက္ခာရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ နှောင့်ယှက်ပစ်ခတ်မှုနှင့် ခြိမ်းခြောက်မှုများကြားမှ အပိုင်း(၁) ကျင်းပသည့် ၁၀၂ မြို့နယ်လုံး၌ ဒီမိုကရေစီစနစ်ကို သက်ဝင်ယုံကြည်ကြသူများနှင့် နိုင်ငံတော်အစိုးရ၏ ရွေးကောက်ပွဲဆိုင်ရာ စီမံဆောင်ရွက်မှုများအပေါ် သံသယကင်းရှင်းပြီး ထောက်ခံကြသည့် မဲပေးပိုင်ခွင့်ရှိသူပြည်သူများက တခဲနက် မိမိတို့ဆန္ဒအလျောက် ဒီဇင်ဘာ ၂၈ ရက် နံနက် ၅နာရီခွဲမှပင် စတင်စောင့်ဆိုင်းလျက် မဲရုံများ တစ်ပြိုင်နက်ဖွင့်လှစ်သည့် နံနက် ၆ နာရီမှ သတ်မှတ်ချိန်မဲရုံပိတ်သည့် ညနေ ၄ နာရီအထိနှင့် ၄ နာရီနောက်ပိုင်း မဲရုံပရိဝုဏ်အတွင်း ကျန်ရှိနေသည့် မဲဆန္ဒရှင်များမှလည်း ဆက်လက်မဲပေးကြရာ ညနေ ၅ နာရီ မိနစ် ၃၀ တွင် မြို့နယ် ၁၀၂ မြို့နယ်လုံးအနေဖြင့် ရွေးကောက်ပွဲ အပိုင်း(၁)အား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်အနီး၌ ဒေသန္တရလက်လုပ်မိုင်းများ ဖောက်ခွဲခဲ့မှုအား တွေ့မြင်ရစဉ်။


အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချ တိုက်ခိုက်ရာတွင်အသုံးပြုခဲ့သည့် Drone ယာဉ်အား နည်းပညာအသုံးပြု၍ ဖမ်းဆီးရမိမှုအား တွေ့မြင်ရစဉ်။

### ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်စီးအောင် လုပ်ဆောင်

ထို့အပြင် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအကြိုကာလများတွင်လည်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းများကိုလုပ်ဆောင်ခဲ့ရာ မြို့နယ်ပေါင်း ၄၁ မြို့နယ်တွင် အများပြည်သူဆိုင်ရာနေရာများ၌ မဟုတ်မမှန်ဝါဒဖြန့်စာစောင်များဖြန့်ဝေခြင်း၊ ကပ်ထားခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ လှုံ့ဆော်စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း၊ မဲမပေးရန်လှုံ့ဆော်အော်ဟစ်ပြောဆိုခြင်း/ဆဲဆိုခြင်း၊ မဲမပေးရန်လှုံ့ဆော်သည့် Sound Box/ Speaker များဖွင့်ခြင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အသိပညာပေးဆိုင်းဘုတ်၊ ပိုစတာများအား ရိုက်ချိုးခြင်း၊ လှဲချခြင်း၊ မီးရှို့ခြင်းများ ၂၃ ကြိမ်၊ မဲရုံလုံခြုံရေးတပ်ဖွဲ့ဝင်များအား နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခြင်း လေးကြိမ်၊ Drop Bomb ချ တိုက်ခိုက်ခြင်း ခြောက်ကြိမ်၊ လက်လုပ်အသံမိုင်းခွဲနှောင့်ယှက်ခြင်း နှစ်ကြိမ်၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်း ခြောက်ကြိမ်၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း သုံးကြိမ်၊ ရွေးကောက်ပွဲတာဝန်ခံဌာနဆိုင်ရာ အစိုးရဝန်ထမ်းများ၊ ရွေးကောက်ခံပါတီအဖွဲ့ဝင်များအား လက်နက်ကိုင်ခြိမ်းခြောက်ခြင်း သုံးကြိမ်၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခြောက်ကြိမ်၊ စုစုပေါင်း ၅၄ ကြိမ် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

*စာမျက်နှာ ၁၇ သို့*


အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၈၂)အနီး၌ လက်လုပ်အသံမိုင်း ဖောက်ခွဲခဲ့မှုအား တွေ့မြင်ရစဉ်။


အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချ တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုအား တွေ့မြင်ရစဉ်။


အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား Drop Bomb ချ တိုက်ခိုက်မှုကြောင့် ပျက်စီးမှုအား တွေ့မြင်ရစဉ်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံလေးလုံးကိုထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park)အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံတစ်လုံးနှင့်နှစ်ထပ်အဆောက်အအုံသုံးလုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ လေးလုံးတို့ကို ထပ်မံဖြိုချ ဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၁၉ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၇၁ လုံးတို့ကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးပုံ။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှုမှတ်တမ်း။

*စာမျက်နှာ ၁၆ မှ*

အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်မှုမရှိစေရေး၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစွာ မဖြစ်ပေါ်လာစေရေးနည်းလမ်းမျိုးစုံဖြင့် အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ခြင်း၊ ပြည်ပြေးပြည်ဖျက်မီဒီယာများက မမှန်မကန်ရေးသားထုတ်လွှင့်အသရေဖျက်ခြင်းများကို မည်ကဲ့သို့ပင် လုပ်ဆောင်ခဲ့ကြသည်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားထောက်ခံသူပြည်သူလူထု မဲဆန္ဒရှင်များအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၊ သံတမန်များ၊ သတင်းမီဒီယာများနှင့် ကိုယ်တိုင်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ရှေ့မှောက်တွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အောင်မြင်ပြီးမြောက်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ပါ၍ ဆက်လက်ကျင်းပသွားရမည့် ရွေးကောက်ပွဲအပိုင်း(၂)နှင့် အပိုင်း(၃)တို့တွင်လည်း မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများဆုံးရှုံးမှု မရှိစေရေး၊ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ဆန္ဒမဲများပေးနိုင်ရေး နိုင်ငံတော်အစိုးရ၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ယဉ်ကျေးသိမ်မွေ့သောနည်းလမ်းဖြင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် ဒီမိုကရေစီကိုထောက်ခံကြိုဆိုကြသည့်၊ နိုင်ငံအဝန်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည့် တာဝန်သိပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများ၊ သံသယဖြစ်ဖွယ်ရာများကို တွေ့ရှိရပါက တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအား ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးမှုအား တွေ့မြင်ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့်ပစ်ခတ်မှုကြောင့် ပျက်စီးမှုအား တွေ့မြင်ရစဉ်။

# တရားမဝင် သစ်မျိုးစုံနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့အတွင်း၌ တရားမဝင်သစ်မာ ၁ ဒသမ ၈၉၅ တန်၊ အခြားသစ် ၁ ဒသမ ၁၂၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၉၅၈၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်း၌ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ် Sunlong Bus နှစ်စီး၊ Mitsubishi Fuso Bus တစ်စီး၊ Yutong Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၀၀၀၀၀၀) ကိုလည်းကောင်း၊ သထုံမြို့နယ် ဘီးလင်းမြို့ နယ်ခြားကားလမ်း၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Nissan Caravan တစ်စီး၊ Toyota Hiace တစ်စီး၊ Ford Ranger တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက်အနီး၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Toyota Hilux တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ပေါင်မြို့နယ် ကော့စိုင်ကျေးရွာ၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Toyota Hiace တစ်စီး၊ Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျိုက်မရောမြို့နယ် ကော့ပနော ကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Nissan Condor Truck တစ်စီး၊ Mitsubishi Fuso Fighter တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကို လည်းကောင်း၊ သထုံမြို့နယ် မိုးကောင်းကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Toyota Hiace တစ်စီး၊ Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ပေါ်တော်မူကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ် Mitsubishi Fuso Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်၊ ၂ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၀၈၉၅၈၄)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)၌ ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးခဲ့မှု မြင်ကွင်းများ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ရပ်ကွက်၊ ကျေးရွာရှိ မဲရုံများ၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပခဲ့ရာ ပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒမဲများ ပေးနိုင်ရန် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်တို့က ရေသန့်၊ အချိုရည်၊ ဒိန်ချဉ်ဘူးများ ဝေငှပေးခဲ့စဉ်။ ခရိုင်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီတွင် မဲရုံများအား စတင်ဖွင့်လှစ်ရာ မဲဆန္ဒရှင်ပြည်သူများက မဲရုံ အမှတ်(၁)တွင် စီတန်း၍ မဲပေးခဲ့ကြစဉ်။ ခမောက်ကြီး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်က မဲရုံများ စတင်ဖွင့်လှစ်၍ ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲများပေးခဲ့ကြစဉ်။ မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉ အုပ်စုတွင် ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ မဲရုံပေါင်း ၅၁ ရုံဖွင့်လှစ်၍ တစ်ပြိုင်နက်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်မဲပေးခဲ့ကြစဉ်။ မြို့နယ်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ မဲရုံများ၌ ဒီဇင်ဘာ ၂၈ ရက်က မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရန် တန်းစီစောင့်ဆိုင်းနေမှုကို တွေ့ရစဉ်။ ခိုင်ထူး(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ မဲရုံများ၌ ဒီဇင်ဘာ ၂၈ ရက်က မဲဆန္ဒရှင် ပြည်သူများ လာရောက်၍ စနစ်တကျ ဆန္ဒမဲပေးခဲ့ကြစဉ်။ ခရိုင်(ပြန်/ဆက်)



မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ဒီဇင်ဘာ ၂၈ ရက်က ဒေသခံပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးခဲ့စဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)



ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ စကောလမ်းရပ်ကွက် မဲရုံအမှတ်(၁)တွင် နံနက် ၆ နာရီ၌ မဲရုံမှူးက မဲရုံဖွင့်လှစ်ကြောင်း ကြေညာပြီး ပြည်သူများက လွတ်လပ်ငြိမ်းချမ်းစွာ ဆန္ဒမဲပေးခဲ့ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

# တီးတိန်မြို့၌ ပြည်သူများ ဆန္ဒမဲပေးမှုကြည့်ရှုအားပေး

**တီးတိန် ဒီဇင်ဘာ ၂၉**

ချင်းပြည်နယ်တီးတိန်မြို့၌ အထွေထွေ ရွေးကောက်ပွဲကို ယမန်နေ့ နံနက် ၆ နာရီက ပြုလုပ်ရာ မြို့မရပ်ကွက် မဲရုံ၊ စကောလမ်း ရပ်ကွက်မဲရုံ၊ လွယ်ဘွာလင်းရပ်ကွက်မဲရုံနှင့် လေးလုမ်းရပ်ကွက်မဲရုံများတွင် မဲဆန္ဒရှင် ပြည်သူများ ငြိမ်းချမ်းလွတ်လပ်စွာ ဆန္ဒမဲပေး ကြသည်။



ချင်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဒေါက်တာလျန်ဇခုပ်နှင့် တာဝန်ရှိသူများက မဲရုံများသို့ သွားရောက်ပြီး ပြည်သူများ ငြိမ်းချမ်း လွတ်လပ်စွာ အီလက်ရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးမှုအခြေအနေများ ကြည့်ရှုအားပေး ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပခုက္ကူမြို့နယ်၌ ဆန္ဒမဲလာရောက်ပေးသူ ပြည်သူများအား အချိုရည်နှင့်ရေသန့်များဝေငှ

**ပခုက္ကူ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲလာရောက်ပေးကြသူ မဲဆန္ဒရှင်ပြည်သူများအား အချိုရည်နှင့် ရေသန့်ဘူးများ လိုက်လံဝေငှကြ သည်။



ပခုက္ကူမြို့နယ်အတွင်းရှိမဲပေး ပိုင်ခွင့်ရှိသူပြည်သူ ၁၀၂၃၀၇ရှိပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို မဲရုံပေါင်း ၅၀ ဖြင့် ကျင်းပ ခဲ့ရာ မဲရုံများ၌ လွတ်လပ်စွာ လာရောက်ဆန္ဒမဲပေးကြသူပြည်သူ များအား ခရိုင်၊မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း များက အချိုရည်နှင့် ရေသန့်ဘူး များ လိုက်လံဝေငှကြကြောင်း၊ ညနေ ၄ နာရီ မဲရုံပိတ်သိမ်းပြီး နောက် မဲရုံများနှင့် စုပေါင်းရုံးတို့၌ တာဝန်ရှိသူများက ပါတီကိုယ်စား လှယ်များ၊ မဲရုံကိုယ်စားလှယ်များ နှင့် စောင့်ကြည့်လေ့လာသူများ ရှေ့မှောက်တွင် ကြိုတင်မဲများနှင့် ဆန္ဒမဲများကို ပွင့်လင်းမြင်သာစွာ ရေတွက်ခဲ့ကြကြောင်း သိရသည်။

ကယ်ရီမောင်

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ ကျင်းပ



**အရာတော်**

အရာတော်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန လူထုအခြေပြုဇဟိုဌာန၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ မြို့နယ် ဦးစီးအရာရှိက ပြိုင်ပွဲရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး "ထိန်းသိမ်းအပ်ပေ လွတ်လပ်ရေးအမွေ" ခေါင်းစဉ်ဖြင့် အလယ်တန်း ဆင့် စာစီစာကုံးပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ၁၂ ဦးက ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က အမှာစကား ပြောကြားသည်။ ထို့နောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)



**ဘုတ်ပြင်း**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ စာပေ ပြိုင်ပွဲနှင့် ကာယစွမ်းရည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက်က ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက အမှာစကားပြောကြားသည်။ ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကာယစွမ်းရည်ပြိုင်ပွဲကို အမက(ရွှေဘုံသာ)ကျောင်းမှ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြသည်။

မြို့နယ်(ပြန်/ဆက်)



**မြင်းခြံ**

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းဆင့်နှင့် အလယ်တန်း ဆင့် စာစီစာကုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက်က မြင်းခြံခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာနခန်းမ ၌ ပြုလုပ်ရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အထက် တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၆၆ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရ သည်။

ချစ်ဦးနွေ(မြင်းခြံ)

**ဒဂုံဆိပ်ကမ်း**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ (၇၈)နှစ် မြောက်လွတ်လပ်ရေးနေ့အကြို မြို့နယ်အတွင်းရှိ မွေးစမှ နှစ်နှစ် အတွင်း ကလေးများအား ပြိုင်ပွဲ ပြုလုပ်ခြင်းကို ဒီဇင်ဘာ ၂၉ ရက်က မြို့နယ်ပြည်သူ့ဆေးရုံတွင် ပြုလုပ်ရာ မြို့နယ်အတွင်းရှိ မွေးစမှ နှစ်နှစ်အထိ ကလေးစုစုပေါင်း ၄၃ ဦး ပါဝင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲဝင် ကလေးများနှင့် မိခင်များအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်အိအိဖြိုးက အမှာစကားပြောကြားပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန သွားဘက်ဆိုင်ရာဆရာဝန် ဝင်းမင်းဖြိုးက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော၍ ဆုများချီးမြှင့်ပေးသည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)



# ရွေးကောက်ပွဲအောင်မြင်ရေး ပိုစတာစိုက်ထူ

**မိုင်းယောင်း ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့၌ "ဒို့အတူတူ မဲပေးကြမယ်" မြေစိုက်ပိုစတာကို ယနေ့နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက် ဗလမင်းထင် လမ်းဆုံတွင် စိုက်ထူရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝေမောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စတစ်ကာကပ်ခြင်းကို ဆောင်ရွက် ကြောင်း သိရသည်။

ဝေဝေခိုင်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် အခြေခံပညာဦးစီးဌာနနှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ နံနက် ၁၀ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဘိုးရာဇာခန်းမတွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် နံရံကပ် စာစောင် ပြပွဲ ပြုလုပ်စဉ်။

သန်းသန်း(ရေဦး)




# အင်းစိန်မြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရသစာပေ စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)၊ မြို့နယ် စာပေဥယျာဉ် (BookClub)အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရသ စာပေ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(အငြိမ်းစား)ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူး အဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ အသင်းနာယက ဆရာကြီး ဦးရန်နောင်(ရန်နောင်-ပညာရေး)၊ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား) တို့က အမှာစကားပြောကြား ပြီး အသင်းဥက္ကဋ္ဌနှင့် စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က လွတ်လပ်ရေးနေ့အကြို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာအသင်း၊ စာပေဥယျာဉ်အသင်းများမှ စာပေ ဝါသနာရှင်၊ စာရေးဆရာတရားလွှတ်တော်ရှေ့နေ ဦးကြည်စိုး (ကြည်စိုး-ဥပဒေ)က ၁၉၆၆ ခုနှစ်က စာရေးဆရာကြီး နတ်နွယ် ရေးသားထုတ်ဝေ ခဲ့သည့် "မြန်မာပြည်မြောက်ပိုင်း"အမည်ရှိ နယ်ချဲ့ဆန့်ကျင်ရေး နောက်ခံပါရှိသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ရသစာပေ ဝတ္ထုရှည်အကြောင်းကို ဆွေးနွေးဟောပြောကာ ဆရာခင်မောင်နိုင် (ဝေဒ)၊ စိုးမိုး(ပါရာဒိုင်)၊ အောင်ငယ်စစ်(အင်းစိန်)၊ ရန်မိုးအောင်(အင်းစိန်)၊ မင်းသီဟရာဇာ(ခေတ်ဦး)တို့က မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ် ကြပြီး စာပေဥယျာဉ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင် ဝင်းမြင့်-မှူခင်း)က နိဂုံးချုပ် ကျေးဇူးတင်စကားပြောကြား၍ ဦးဆောင် ဆွေးနွေးသူများအား တာဝန်ရှိသူတို့က အမှတ်တရလက်ဆောင် ပစ္စည်း များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်) များအကြောင်း အသေးစိတ်ဆက်လက် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Material Noun (သဘာဝဓာတ်သတ္တုနာမ်-ဒြပ်ရှိနာမ်-အရာဝတ္ထု၊ သဘာဝပစ္စည်းများကို ဖော်ပြသောနာမ်) အကြောင်း ဖော်ပြပေးလိုက်ပါတယ်။ ဒ့ါအပြင် စကားပြောခန်းမှာလည်း How to talk about disagreeing (သဘောမတူတာကို ဘယ်လိုပြောမလဲ)ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ကောင်းခြင်းမင်္ဂလာအပေါင်းနဲ့ ပြည့်စုံစေမယ့် ၂၀၂၆ ခုနှစ် နှစ်သစ်ကို ဝင်ရောက်တော့မယ့်အချိန်မှာ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ ကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Concrete Noun Exercise-1 မှအဖြေများ**

1. aroma, cookies, kitchen
2. barn, fire
3. crossbow, arrow
4. rainbow, sky
5. forks, spoons, table
6. soup
7. door, windows
8. children, bubbles
9. dolphins, tune, waves
10. engine, smoke

**Abstract Noun Exercise (1) Underline the abstract nouns.**

1. Honesty is the best policy.
2. Her bravery inspired the entire crowd.
3. We all seek happiness and peace in our lives.
4. The silence in the library was deafening.
5. Friendship is a valuable asset.
6. They worked together in unity to achieve success.
7. He showed great patience with his students.
8. Knowledge gives you power.
9. Freedom is important for everyone.
10. She spoke with honesty about her mistake.

**7. Material Noun (သဘာဝဓာတ်သတ္တုနာမ်-ဒြပ်ရှိနာမ်-အရာဝတ္ထု၊ သဘာဝပစ္စည်းများကို ဖော်ပြသောနာမ်)**

Material Noun သည် သတ္တု သို့မဟုတ် အမျိုးမျိုးသောပစ္စည်းများဖြင့် ပြုလုပ်ထားသော သတ္တု သို့မဟုတ် တခြားအရာဝတ္ထုများကို ခေါ်သည်။ သဘာဝအတိုင်း တည်ရှိနေသော အမျိုးမျိုးသော ကုန်ကြမ်းပစ္စည်းများနှင့် ဒြပ်စင်များ၏ အမည်များကိုလည်း ခေါ်သည်။ ထို့ပြင် ဆွေးမြည့်ပျက်စီးပြီးနောက် အပင်နှင့် သတ္တဝါတို့မှ ပြောင်းလဲဖြစ်ပေါ်လာသော အရာများကိုလည်း Material Noun ဟုခေါ်သည်။ ဥပမာ-

| | | |
|---|---|---|
| food (အစားအစာ) | honey (ပျားရည်) | egg (ကြက်ဥ) |
| gold (ရွှေ) | oil (ဆီ) | milk (နို့) |
| wool (သိုးမွေး) | plastic (ပလတ်စတစ်) | cement(ဘိလပ်မြေ) |

**Material Noun ကို တွေ့ရှိဖြစ်ပေါ်ရာနေရာဌာနအလိုက် လေးမျိုးထပ်ခွဲနိုင်သည်။**

(a) **Material noun from plants**: food, oil, coffee, tea, cotton, rubber, etc.

(b) **Material noun from animals**: wool, honey, egg, milk, silk, etc.

(c) **Material noun from nature**: sand, rock, rain, salt, gold, coal, air, etc.

(d) **Human-made material noun**: alcohol, cement, cheese, etc.

(a) **Material noun from plants in the sentence**

- **Cotton:** During the hot summer months, I prefer wearing clothes made of **cotton**.
- **Wood:** All the furniture in the dining room is crafted from high-quality **oak wood**.
- **Rubber:** The **tires** of the electric car are made of durable **rubber**.
- **Tea:** He added a spoonful of sugar to his hot **tea**.
- **Jute:** They used strong **jute** to make the eco-friendly shopping bags.
- **Bamboo:** The sustainable flooring in the office is made from **bamboo**.
- **Oil:** She used refined **sunflower oil** to prepare the evening meal.
- **Coffee:** The rich aroma of fresh **coffee** filled the entire kitchen.

(b) **Material noun from animals in the sentence**

- **Wool:** Subhash took a heavy blanket made of **wool** with him on the tour.
- **Leather:** These **leather** shoes are both stylish and durable.
- **Silk:** Her favorite evening gown is crafted from pure **silk**.
- **Honey: Honey** is often used as a natural and healthy substitute for sugar.
- **Milk:** Shelly drinks two glasses of **milk** every day to grow stronger.
- **Feather:** The **pillow** is filled with soft **feathers** for extra comfort.
- **Egg:** We usually eat **bacon** and **eggs** for breakfast on Sundays.
- **Ivory:** In the museum, we saw a beautiful antique box made of **ivory**.

## VOCABULARY ENRICHMENT PROGRAMME

1. **in the nick of time = (အချိန်မီရုံကလေး)**
   We arrived **in the nick of time.**
   ငါတို့ အချိန်မီရုံကလေး ရောက်ခဲ့တယ်။
2. **to lead by the nose = (နဖားကြိုးတပ်သည်။ လွှမ်းမိုးချုပ်ကိုင်သည်။)**
   Politicians think they can easily **lead people by the nose.**
   နိုင်ငံရေးသမားတွေက ပြည်သူတွေကို အလွယ်တကူ လွှမ်းမိုးချုပ်ကိုင် နိုင်မယ်လို့ ထင်ကြတယ်။
3. **to pay through the nose = (မတန်တဆပေးရသည်။)**
   You'll **pay through the nose** for a house in that area.
   အဲဒီနေရာမှာရှိတဲ့ အိမ်တစ်လုံးအတွက် မင်းမတန်တဆ ပေးရတော့မယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**How to talk about disagreeing (သဘောမတူတာကို ဘယ်လိုပြောမလဲ) Part – I**

- *no, ...*
- *I don't agree*
- *I disagree (with you)*
- *I can't agree with you*
- *I couldn't disagree more*
- *rubbish*
- *nonsense*
- *don't be ridiculous*
- *don't be stupid*
- *What a ridiculous idea*

၁။ တစ်စုံတစ်ယောက်နဲ့ တိုက်ရိုက်သဘောမတူတဲ့အခါ no ကို သုံးပါတယ်။ no ဆိုပြီး ပြောလိုက်တဲ့အပေါ် သင့်တော်တဲ့ ရှင်းလင်းဖော်ပြချက်ကို ထပ်မံဖြည့်စွက်ပြောနိုင်ပါတယ်။ ဥပမာ-

- The journey will only take about three hours.
  **No**, it will take at least an hour more than that. I make the journey regularly.

**Language Focus (ဘာသာစကားရှုထောင့်)**

တစ်ခါတစ်ရံမှာ တစ်စုံတစ်ယောက်နဲ့ သဘောမတူတာကို ပြောချင်ရင် Negative (အငြင်းပုံစံ)နဲ့ ပြောနိုင်ပါတယ်။ ဥပမာ-

- Jack did a very good job.
  He did not. It was Dan who did all the work.

၂။ နောက်တစ်ခါ တစ်ယောက်ယောက်နဲ့ သဘောမတူတာက ဖော်ပြပြောဆိုချင်ရင် I don't agree ကို သုံးပါတယ်။ ဥပမာ။

- Sam should definitely be in the exam.
  **I don't agree.** He's too inexperienced.
- This place would be perfect for our annual conference.
  **I don't agree.** It's not nearly big enough.

**Language Focus (ဘာသာစကားရှုထောင့်)**

I don't agree ရဲ့နောက်မှာ with you ကိုထည့်ပြီး I don't agree with you ဆိုပြီး သဘောမတူတာကို ဖော်ပြနိုင်ပါသေးတယ်။ ဥပမာ-

- Jack is certainly our best player.
  **I don't agree with you**. I think Jim's betterthan Jack.

၃။ သဘောမတူတာကို ဖော်ပြချင်ရင် I don't agree နေရာမှာ I disagree ကိုလည်း သုံးနိုင်ပါတယ်။ ဥပမာ-

- I think we should move to a large office.
  **I disagree.** It would cost far too much more.
- Redford won but Blackwall was the better team.
  **I disagree.** I thought Redford thoroughly deserved to win.

**Language Focus (ဘာသာစကားရှုထောင့်)**

သဘောမတူတာကိုဖော်ပြတဲ့အခါမှာ I disagree အစား I disagree with you ကိုလည်းသုံးနိုင်ပါတယ်။ ဥပမာ-

- Fisher's Place is the best fish restaurant in town.
  **I disagree with you there.** I think The Creek is much better.

သဘောမတူတာကို တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြီး ယဉ်ယဉ်ကျေးကျေးပြောချင်ရင် ဒီလိုလေး ပြောလို့ရပါတယ်။ ဥပမာ-

- I feel that we should appoint the last application to the job.
  **I'm sorry, but I don't agree**. In my opinion some of the others were more suitable.
- I feel that Tom would make the best club president.
  **I'm not sure that you're right.**
- I think we should knock down those old buildings.
  **I'm afraid I can't agree with you.** They might be worth preserving.

အလေးအနက် သဘောမတူတာမျိုး၊ လှိုက်လှိုက်လှဲလှဲ သဘောမတူတာမျိုးကို ဖော်ပြချင်ရင်တော့ disagree ဆိုတဲ့ verb(ကြိယာ)နဲ့ adverb (ကြိယာဝိသေသန) စကားလုံးတွေဖြစ်တဲ့ entirely, totally နဲ့ completely တို့ကို တွဲသုံးပါတယ်။ ဥပမာ-

- I think we should close the tennis club. We just don't have enough members to keep it going.
  **I disagree entirely.** What we should do is to have a recruitment drive to try to attract new young members.
- We should sell the house and get what we can for it.
  **I disagree totally.** We should rent it out and wait for the property market to improve before we sell it.

အလေးအနက် သဘောမတူတာမျိုး၊ လှိုက်လှိုက်လှဲလှဲ သဘောမတူတာမျိုးကို ယဉ်ယဉ်ကျေးကျေး ဖော်ပြပြောဆိုချင်ရင်တော့ I am in (total/complete) disagreement (with you)ဆိုတဲ့စကားစုနဲ့ ဖော်ပြပြောဆိုလို့ရပါတယ်။ ဥပမာ-

- I feel that we should proceed with the project immediately.
  **I'm in complete disagreement.** I think that we need more data.
- I think that what the town needs is an out-of-town shopping complex.
  **I'm in total disagreement with you.** A shopping complex would destroy the business of the local shops.

## ခါတ်ခွဲနမူနာစုစုပေါင်း ၇၉ ခုအား စစ်ဆေးပြီးစီး

(၂၉-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၁-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၁၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## သဃ်န်းကျွန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် (အပိုင်း-၃) ရွှေရည်လမ်းရှိအမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်း (ထ-ခွဲ)တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု ဟောပြောပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းကစားနည်းပြိုင်ပွဲတို့အား ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်က ကျောင်းသား ကျောင်းသူများ လူအများရှေ့တွင် စကားပြောဆိုနိုင်စေရန်၊ မိမိကိုယ်ကို ယုံကြည်မှုရှိစေရန်၊ စာပေများအား လေ့လာတတ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြား၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး စာရေးဆရာမ မေ(ရန်ကုန်)က စာဖတ်ခြင်းအကျိုးကျေးဇူးအကြောင်း ဗဟုသုတရဖွယ်များကို ဟောပြောခဲ့သည်။

ဆက်လက်ပြီး Grade 5 ကျောင်းသား ကျောင်းသူများ၏ ပုံပြင်ပြောပြိုင်ပွဲ၊ Grade 4 ကျောင်းသား ကျောင်းသူများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲတို့ကို ကျင်းပပြီး ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ခရိုင်ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဇော်မိုး (သဃ်န်းကျွန်း)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ အတွင်းပဒံကျေးရွာ၊ မြကန်သာလမ်း၊ ကွင်းအမည်-အတွင်းပဒံကွင်း၊ ကွင်းအမှတ်-၃၆၉/ဘီ၊ ဦးပိုင်အမှတ် (၂၇)၊ အကျယ်အဝန်း (၈.၃၆ဧက)၊ အမည်ပေါက် ဦးအောင်ညိန်း(ခ) ဦးအောင်ငြိမ်း(ကွယ်လွန်)ပိုင်ခဲ့သော လယ်မြေအား အမည်ပေါက်၏ဇနီးဖြစ်သူ ဒေါ်မြစော(၁၂/လသယ(နိုင်)၀၀၄၈၂၆) အမွေဆက်ခံပိုင်ဆိုင်သော လယ်မြေနှင့်ယင်းလယ်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရှုပ်အရှင်းကင်းရှင်းကြောင်း၊ မိမိသာလျှင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးအောင်မျိုးသန့်၊ ဦးဇော်မင်းဦး၊ ဦးကောင်းထက်ကျော်၊ ဦးအောင်ခန့်ဇော်၊ ဦးစံထက်အောင်တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးသန့်၊ ဦးဇော်မင်းဦး၊ ဦးကောင်းထက်ကျော်၊ ဦးအောင်ခန့်ဇော်၊ ဦးစံထက်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာထွန်း(LL.B)(စဉ်-၄၉၂၈၄) ဒေါ်အိအိဝေ(LL.B)(စဉ်-၅၃၅၉၉)**

**(အထက်တန်းရှေ့နေများ)**

**အမှတ် (၃၃၃)၊ နဝရတ်ရေစင်(၁)လမ်း၊ ပြည်တော်သာစက်မှုဇုန်ရပ်ကွက်၊ လှည်းကူးမြို့နယ်၊**

**Ph-09-955961935, 09- 261446441**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအဆင့်မြင့်ကွန်ဒို၊ (၁၉)ထပ်အဆောက်အဦး၏ တိုက်အမှတ် (၁၄/A)၊ အခန်းအမှတ် (၃၁၆) (၁၆ထပ်)၊ အကျယ်အဝန်း (၄၇၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခိုင်ဝေဝေသော် (၁၂/ဒဂတ(နိုင်) ၀၇၀၃၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူ ရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဦးကျော်စိုးဦး**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)**

**၀၉ ၅၅၀၆၁၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ် အခြေခံပညာနှင့်စက်မှုစိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(စကု) Grade-12 သင်ဆဲ မခင်သက်ဆွေ၏ ဦးအောင်မိုး၏ အမည်မှန်မှာ ဦးအောင်မိုးအေး ၈/မဘန(နိုင်) ၀၇၃၉၇၄ ဖြစ်ပါကြောင်း။

**ဦးအောင်မိုးအေး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အ.ထ.က၊ ကုန်းဇောင်းနေ၊ မောင်သက်မျိုးအောင်(G-11) ကျောင်းသား၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရီ ၈/ပဖန (နိုင်) ၀၅၁၅၇၆ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/6196 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ်(ဒ-၆၂၈၁)၊ မြေဧရိယာ (၀ဒသမ ၀၅၅) ဧကရှိ ဒေါ်ရွှေဇင်ထွန်း(ဘ)ဦးလှထွန်း ၁/မကတ(နိုင်)၀၅၂၄၂၃ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ရွှေဇင်ထွန်းမှ ဦးကျော်စွာထွန်း၊ ဒေါ်မြင့်မြင့်ခိုင်(ဘ)ဦးထွန်းတင်၊ ဦးနု ၁၁/အမန(နိုင်)၀၀၀၂၀၀၊ ၉/တသန(နိုင်)၀၀၁၉၅၄နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ ဒီပါအေးမြလမ်း၊ မြေကွက်အမှတ် (၅၈၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ရင်မြ (၁၂/စခန (နိုင်) ၀၄၆၂၂၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ရင်မြထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဥ်–၈၈၅၂)

**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဥ်–၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၇)၊ မြေကွက်အမှတ် (၅၈၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးသန်းရွှေ (ISN- ၂၈၆၈၈၄) အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုင်မင်းသန့် (၁၄/ဝခမ (နိုင်) ၁၃၃၈၀၁၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဥ်–၈၈၅၂)

**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဥ်–၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၉)၊ မြေကွက်အမှတ် (၃၂၃) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀) ပေ အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်မြင့် (ISN–၁၂၉၉၅၂) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းနိုင်စိုး(ခ)နေနိုင် (၁၂/ဒဂဆ(နိုင်) ၀၀၃၂၄၆) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော်မြင့် (၁၄/အဂပ(နိုင်)၁၃၄၃၄၆) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဥ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဥ်–၄၂၀၆၆)

**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဥ်–၁၂၃၆၅)

**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဥ်–၅၆၃၆၆)

အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၆။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသား ဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (ကျား)တို့မှ ကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ (မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။)

၇။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများကို ၂၁-၁-၂၀၂၆ ရက်မှစ၍ ဘားအံတက္ကသိုလ်၊ အခန်းအမှတ် **(C- 05)** တွင် ထုတ်ပေးပါမည်။

၈။ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၊ မော်ကွန်းထိန်း၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ ဖုန်း-၀၉-၂၅၉၈၁၀၂၀၇၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**
**ဘားအံတက္ကသိုလ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ဘားအံတက္ကသိုလ်
## (၁၈) ကြိမ်မြောက် နေ့သင်တန်းနှင့် အဝေးသင် သင်တန်းတို့၏ ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဘားအံတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ်တွင် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ (ဝိဇ္ဇာ/သိပ္ပံ)ဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ (ရိုးရိုးဘွဲ့)များနှင့် ၂၀၂၅ပညာသင်နှစ်၊ **အဝေးသင် သင်တန်း၊** ဘွဲ့စာမေးပွဲ အောင်မြင်သူများအတွက် ဝိဇ္ဇာ/သိပ္ပံ (ရိုးရိုးဘွဲ့ )၊ ဥပဒေဘွဲ့များ လျှောက်ထား နိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့လျှောက်ထားလိုပါက နေ့သင်တန်းများအတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ဤတက္ကသိုလ် **စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**တွင်လည်းကောင်း၊ **အဝေးသင်သင်တန်း**အတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာများကို **အဝေးသင်ဌာန**တို့တွင် ရယူဖြည့်စွက်ပြီး **၂၉- ၁၂-၂၀၂၅ရက်မှ ၉-၁-၂၀၂၆ရက်အထိ** (၂လက်မ x ၁လက်မခွဲ) Sticker (ကပ်ခွာ) ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (မူရင်း + မိတ္တူ) တို့နှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာတက်ရောက်ဘွဲ့ယူသူများအတွက် **၁၅၀၀၀ိ/- (ကျပ်တစ်သောင်းငါးထောင်တိတိ)** ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူလိုသူများအတွက် **၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)** ဖြစ်ပါသည်။

၄။ လျှောက်လွှာကို စာတိုက်မှပေးပို့သည့်အခါ ပေးပို့လွှာတွင် ဘွဲ့နှင်းသဘင် ကြေးပေးပို့ခြင်း”ဟု ဖော်ပြပြီး ပါမောက္ခချုပ်၊ ဘားအံတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာတွင် လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက္ကသိုလ် စသည် တို့ကို အပြည့်အစုံ တိကျစွာ ဖော်ပြရပါမည်။

၅။ နေ့သင်တန်းများအတွက်၂၀၂၄-၂၀၂၅ ပညာသင်နှစ်မတိုင်မီနှင့် အဝေးသင် သင်တန်းများအတွက် ၂၀၂၅ပညာသင်နှစ်မတိုင်မီ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများသည် **“အဝေးရောက်ဘွဲ့”**အတွက်သာ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (၁)စောင် တင်သွင်းရမည်ဖြစ်ပြီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား/အမျိုးသား မှတ်ပုံတင်ကတ်ပြားကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည် ဖြစ်ပါ သည်။

၇။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

**မော်ကွန်းထိန်း**
**စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**
**ဘားအံတက္ကသိုလ်**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/2082 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၁၁၈၁၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

---

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ညောင်ငုတ္တိုကျေးရွာနေ ဦးသိန်းလှ၏ သမီး မအိအိ ၈/မသန(နိုင်)၀၉၄၀၅၅၏ နိုင်ငံကူး လက်မှတ်အမှတ် (MF-419021) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါ ရန်။

**ဖုန်း-၀၉- ၇၇၄၅၉၀၀၀၆**

---

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လေးတိုင်စင်ကျေးရွာအုပ်စု၊ ဖိုကြီးကျေးရွာနေ ဦးဝင်းခိုင် (ခ)ဦးဝင်းနိုင်၏သား မောင်ဖြိုးဇေအောင်၈/မသန(နိုင်) ၁၄၁၀၆၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-057114)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၀၂၁၀၉၅**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/4883 ISUZU ELF NKR81 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/57149 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဌေး ၉/ခအဇ(နိုင်)၀၀၈၃၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## မီးသတိပြု

---

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

အမရပူရမြို့နယ်၊ ဒေါ်တိုးသီရိကျော် ၁၃/လရန(နိုင်)၁၈၆၈၄၄၏မိခင် ဒေါ်ကြူကြူအောင်နှင့် ဒေါ်ခင်ဌေးမြင့်သည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## မုံရွာစီးပွားရေးတက္ကသိုလ် ကျွမ်းကျင်မှုအတတ်ပညာ(Job-Ready skill) သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ် အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

(က) စီးပွားရေးလုပ်ငန်းအတွက် အသုံးချစီးပွားရေးပညာ (၃ လ သင်တန်း) လက်မှတ်ရသင်တန်း
Certificate in Applied Economics for Business (CAEB)

(ခ) ဈေးကွက်စီမံခန့်ခွဲမှု လက်မှတ်ရသင်တန်း (၃ လ သင်တန်း)
Certificate in Marketing Management (CMM)

(ဂ) စီးပွားရေးလုပ်ငန်းသုံး စာရင်းအင်းပညာ (၃ လ သင်တန်း) လက်မှတ်ရသင်တန်း
Certificate in Statistics for Business Applications (CSBA)

၂။ သင်တန်းနှင့်သက်ဆိုင်သော လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် သက်ဆိုင်ရာတာဝန်ခံဌာနများတွင် Online (သို့မဟုတ်) လူကိုယ်တိုင် လာရောက်၍ဖြစ်စေ ၃၀-၁၂-၂၀၂၅ ရက်မှ စတင်၍ လျှောက်ထားနိုင်ပါသည်။

၃။ သင်တန်းအသီးသီးအတွက် လျှောက်ထားသူများသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့ပြီး မအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - ၅-၁-၂၀၂၆ ရက်

၅။ **လက်ခံမည့်သင်တန်းသားဦးရေ** - သင်တန်းတစ်ခုလျှင် (၄၀) ဦး

၆။ **သင်တန်းကြေး** - (၃)လ၊ ကိုးသောင်းကျပ်

၇။ **သင်တန်းအချိန်** - သင်တန်းအားလုံးကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ (နံနက် ၇:၀၀ နာရီမှ ၉:၀၀ နာရီအထိ) သင်ကြားမည်ဖြစ်ပါသည်။

၈။ **အသေးစိတ်သိရှိလိုပါက** - (CAEB) သင်တန်းအတွက် ဘောဂဗေဒဌာန၊ ဖုန်း-၀၉-၂၀၅၈၄၉၃ (CMM) သင်တန်းအတွက် ဝါဏိဇ္ဇဗေဒဌာန၊ ဖုန်း-၀၉-၄၃၁၅၉၁၀၅ (CSBA) သင်တန်းအတွက် စာရင်းအင်းပညာဌာန၊ ဖုန်း-၀၉-၆၆၃၇၇၀၇၇၁ တို့တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## ကန့်ကွက်လွှာအားရုပ်သိမ်းခြင်း

ကျွန်ုပ်၏ အမှုသည် ဒေါ်မမြချိုသည် ၂၄-၁၂-၂၀၂၅ ရက်က မြန်မာ့အလင်း သတင်းစာတွင် ခင်ပွန်းဖြစ်သူ ဦးမောင်ညွန့်သိန်း ရပိုင်ခွင့်ရှိသော ၁။ စ-၆၁၄ မင်္ဂလာဈေးဆိုင်ခန်း၊ ၂။ အမှတ် (၂၁၅)/ပထမထပ် စံပြ (၂) လမ်း၊ ယမုံနာ (၂) ရပ်ကွက်၊ ဒေါပုံမြို့နယ်ရှိ တိုက်ခန်း (၁) ခန်း (၃) အိမ်အမှတ်(လမ-၂၅၆) လမ်းမကြီး၊ မြို့သူကြီးရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်ရှိ မြေနှင့်အိမ် အသီးသီးတို့ကို လွှဲပြောင်းရောင်းချခြင်းမပြုရန် ကန့်ကွက်ကြေညာခဲ့ပါသည်။ ယခုအချိန်တွင် ဒေါ်မမြချိုနှင့် ဦးမောင်ညွန့်သိန်းတို့မှာ အကြင်လင်မယား အဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲသွားပြီးဖြစ်ပြီး အချင်းချင်းနားလည်မှုရရှိသွားပြီး ဖြစ်၍ ၂၄-၁၂-၂၀၂၅ ရက် ကန့်ကွက်လွှာအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နုမြသန္တာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၀၄)**
**ဖုန်း - ၀၉-၄၅၀၅၄၁၆၈၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၀၀-၃၄)၊ ဦးပိုင်အမှတ် (၁၀)၊ ဧရိယာ၀ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဗိုလ်မှူးကြီး တင်မော်ထွန်း အမည်ပေါက်သော ဂရန်မြေကွက်ဖြစ်ပါသည်။ ဗိုလ်မှူးကြီး တင်မော်ထွန်းထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မြတ်ကျော်က အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုမည်ဆိုပါက အချိန်မရွေး လိုက်လံချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုခဲ့ကြောင်း ကြားသိခဲ့ရပါသည်။ ထို့ကြောင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား လက်မှတ်ရေးထိုးပေးရန် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဗိုလ်မှူးကြီး တင်မော်ထွန်းနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့်LLB (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၇၅)**
**ဖုန်း-၀၉-၄၀၂၅၉၆၅၅၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ်းမကြီး၊ မြို့သူကြီးရပ်ကွက်၊ အကွက်အမှတ် (၃၄)၊ ပါဒလိတ်ချိတ် အရှေ့အကွက်၊ ဦးပိုင်အမှတ် (၁၁၇-ဃ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၁ဧကပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အဆောက်အအုံနှင့် အမှတ် (၂၅၄) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁) ထပ် ကားဂိုဒေါင်(၁)လုံးအပါအဝင် အမွေပစ္စည်းအဝဝတို့ကို မိခင် ဒေါ်စံညွန့်ခင် ကွယ်လွန်ပြီးနောက်ပိုင်း အမွေစား အမွေခံတို့ကို မိသားစုစီမံမှုအရ အမွေခွဲဝေပေးပြီးကြောင်း ၁၆-၁၂-၂၀၂၄ ရက်တွင် မြန်မာ့အလင်းသတင်းစာတိုက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဦးပိုင်အမှတ် (၁၁၇-ဃ) မြေကွက်နှင့် မြေကွက်အမှတ် (၂၅၄) နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ (၂) လုံးတို့ကို သားဖြစ်သူ ဦးမောင်ညွန့်သိန်းမှ တစ်ဦးတည်းအမွေဆက်ခံပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စံသာမှ ဝယ်ယူရန်အတွက် ၎င်းအား ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုမြသန္တာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၀၄)**
**ဖုန်း-၀၉-၄၅၀၅၄၁၆၈၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၁၉၄၃၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန် ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့မအိုးဘိုရပ်၊ မင်္ဂလာလမ်း၊ အမှတ် (၅၇) တွင်နေထိုင်သူ ဒေါ်အုန်းအုန်းဌေး ၈/မကန(နိုင်)၀၁၀၃၄၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ မြို့သစ်ရပ်၊ ငုရွှေဝါလမ်း၊ ဦးပိုင်အမှတ်- (၈) လမ်း၊ (၈၃၊ ၈၅၊ ၈၇)၊ ဧရိယာ ၀ ဒသမ ၄၄၁ ဝင်းမြေကွက် (၃) ကွက်၏ မူရင်း မြေပေးစလစ် (၃)ရွက်၊ အဆိုပါမြေကွက် (၃) ဝင်းအား ဦးလှမြင့် (MUN-၁၉၄၉၅၄) အမည်ဖြင့် ဝယ်ယူခဲ့သည့် မူရင်း မြေအရောင်းအဝယ်စာချုပ် မူရင်း(၁)စောင်၊ ဦးလှမြင့် အမည်ဖြင့် လမ်း၊ မီးခွန်နှင့် စီမံခန့်ခွဲရေး စရိတ်ငွေသွင်းထားသည့် ငွေသွင်းပြေစာ မူရင်း(၁)စောင် ထည့်ထားသည့် အိတ်မှာ ၂၀၂၂ခုနှစ်က မုံရွာ-မကွေး အဝေးပြေးလမ်းမ တစ်နေရာတွင် ကျပျောက်ခဲ့ပြီး ယနေ့အချိန်ထိ ရှာဖွေမတွေ့ရှိပါသဖြင့် ပျောက်ဆုံးသွားသည့် မူရင်းများနှင့် ပတ်သက်ပြီး ဒေါ်အုန်းအုန်းဌေးထံတွင် တာဝန်မရှိကြောင်းနှင့် တာဝန်ယူမည်မဟုတ်ကြောင်း ဒေါ်အုန်းအုန်းဌေးမှ ပြန်လည်လျှောက်ထား ရရှိလာမည့် ဖော်ပြပါဝင်းမြေကွက်များ၏ ပိုင်ဆိုင်အကျိုးခံစားခွင့်ကသာလျှင် အစစ်အမှန်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီမာအောင် (LL.B, LL.M) (Advocate)**
**တရားလွှတ်တော်ရှေ့နေ အေးသာယာရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း-၀၉-၂၅၈၂၂၆၃၀၅၊ ၀၉-၈၇၀၀၇၁၃၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ အိမ်အမှတ် (၂၂၃) ဟုခေါ်တွင်သော အလျား xအနံ ပေ(၁၅ x၄၃)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကို ဆက်စပ်စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူများဖြစ်သော ဦးသန်းဆောင်၊ ဦးဝင်းမြင့်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီအောင် ၁၂/အစန(နိုင်)၂၂၀၆၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရီလေးမော် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၇၀၇)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်**
**ဖုန်း - ၀၉ ၄၂၀၀၈၉၃၈၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင် (၁) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ချမ်းအေး အနောက်၊ ဦးပိုင်အမှတ် (၃၂)၊ ဧရိယာ ၀ ဒသမ ၀၃၆ဧကရှိ ဦးရွှေ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူနှင့် ၎င်း၏ဇနီးဖြစ်သူတို့ ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် သမီးဖြစ်သူ ဒေါ်ကျင်စိန် ၉/ပမန(နိုင်)၀၁၆၇၃၉ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုလွှာမှတ်ပုံတင်အမှတ် (၂၀၉/၂၀၂၅)၊ သေဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာ (က)ရပ်ကွက်၊ ၁၀ လမ်း၊ အမှတ်-(A - ၅၃၀) မူလအမည်ပေါက်ပိုင်ရှင် ဦးမောင်မောင်လတ်၊ ကပ- ၄၄၄၆၂၃ အမည်ပေါက် အလျား ၆၅ ပေ၊ အနံ ၄၀ ပေ အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးသိန်းတန် ၈/မကန(နိုင်)၀၆၅၀၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုကြည် ၈/မဘန(နိုင်)၁၁၇၃၆၇ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ဝိုင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သူရ အထက်တန်းရှေ့နေ စဉ်-၃၈၇၆၂/၁၂**
**အမှတ်(F-၃၀)၊ မန်ကျီးပင်လမ်း၊ မြင်သာရပ်ကွက်၊ မကွေးမြို့**
**ဖုန်း-၀၉-၇၉၀၂၀၆၈၃၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄)၊ သီလ (၁၂) လမ်း၊ မြေကွက်အမှတ် (၉၃၆)၊ ဦးသန်းနိုင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်၊ အကျယ်အဝန်း (၄၀x၆၀) ပေပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၆) ထပ်တိုက်၊ တတိယထပ်၊ (၄) လွှာ၊ (တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်အခြမ်း)၊ (၁၇x၅၄) ပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် ရေ+မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အင်ကြင်းမေ ၁၂/ဒဂတ(နိုင်)၀၇၆၅၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြတ်မင်းသော် ၁၂/ဥကတ(နိုင်)၁၉၆၀၅၉၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမွန်ကျော် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၉၅)**
**ရုံးခန်း - က/၇၂၇၊ ခေမာသီလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၁၀၇၇၃၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/62210 Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဝင်း ၉/မလန(နိုင်) ၀၉၇၆၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/30410 ADIXIN (ADX8) SMASHER 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အေး ၉/မဟာမ(နိုင်)၀၇၁၂၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/65495 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံမင်း ၉/တတဥ (နိုင်)၁၃၈၁၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ပြည်ကြီးတံခွန်မြို့နယ်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃၁

ဒေါ်နန်းအေဖုန်း နှင့် ဦးငြိမ်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက် (လလ-၁၀)၊ ဦးပိုင် (၇၃)၊ (ဈ) ရပ်ကွက်နေ ဦးငြိမ်း (ဘ) ဦးထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးငြိမ်း သင့်အပေါ်၌ တရားလို ဒေါ်နန်းအေဖုန်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၀)၊ ဦးပိုင်အမှတ် (၇၄)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဦးငြိမ်း အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ခင်ပွန်းအဖြစ်မှစွန့်လွှတ်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မလွကုန်းမီးရထားဝန်း၊ လိုင်း (၉)၊ အခန်းအမှတ် (၄) (ခေတ္တ-စင်္ကာပူ)နေ ဒေါ်ဝင်းမာအေး ၁၂/မဂတ(နိုင်) ၀၇၇၂၇၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ဝင်းမာအေးနှင့် ဦးသန်းကျော်ဦး ၇/သနပ(နိုင်)၀၆၅၃၀၄ တို့သည် (၁၉၉၇) ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ်လက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး သား(၂)ဦးထွန်းကားခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ဒေါ်ဝင်းမာအေးမှာ မိသားစုစီးပွားရေး အခြေအနေအရ စင်္ကာပူနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ရာတွင် (ဘ) ဦးကျော်အေး၏ သားဦးသန်းကျော်ဦးသည် ပဲခူးတိုင်းဒေသကြီး၊ ရေတံခါးတာဝ၊ စဉ်အိုးဘိုကျေးရွာ တွင်နေထိုင်သူ ဒေါ်ဝင်းဝင်းအေးနှင့် ထပ်မံထိမ်းမြားပြီး ဒေါ်ဝင်းမာအေးမှ ကွာရှင်းခွင့်တောင်းခံရာတွင် ကွာရှင်းပေးခြင်း မရှိသဖြင့် ခင်ပွန်းအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ယနေ့မှစ၍ ဦးသန်းကျော်ဦးနှင့် အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမာအေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ယုဆွေ အထက်တန်းရှေ့နေ (စဉ်-၅၁၃၆၇)**
**ဖုန်း-၀၉ - ၇၅၉ ၀၆၈ ၇၉၃**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးထွန်းအောင်ကျော် ၁၂/အစန(နိုင်)၀၂၈၀၃၁ (ဘ)ဦးသောင်းဖေ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၁၈၈၅) ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၂၂၀/၂၀၂၃(၂၉-၈-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ယဉ်မေသန်း ၉/သစန(နိုင်)၀၉၃၀၁၂ (ဘ) ဦးကံညွန့်မှ ဦးကြည်ဟန် ၁၂/သကတ(နိုင်)၀၄၃၆၅၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေ ရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး (၁)၊ မြေတိုင်းအမှတ် (၆)၊ မြေကွက် အမှတ် (၁၈၉)၊ မြေဧရိယာ ၀ ဒသမ ၀၆၂ ဧက အကျယ်အဝန်းရှိ ဦးကြင်စိုး အမည်ပေါက် နှစ် (၃၀) ဂရန် ရရှိထားသော ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်သစ်တိုင်၊ အုတ်ညှပ်နေအိမ် (၁) လုံးနှင့် အဆိုပါအိမ်နှင့်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိပါသည်ဟု တာဝန်ယူအဆိုပြုသည့် ဒေါ်အိအိခိုင် (ဘ) ဦးခင်ငွေ ၇/ပခန(နိုင်)၃၄၀၉၂၂ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နှင်းယုကျော် (ဘ) ဦးဇော်လွင် ၇/ပခန (နိုင်)၃၇၃၀၄၀ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာဘုန်းမောင်(LL.B)** — **ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)**
**အမှတ်(၄၃၃)၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။ ဖုန်း-၀၉-၄၂၈၁၂၃၉၄၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းအမှတ် (၂၄)၊ မြေကွက်အမှတ်(၇၃၅)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကေ အကျယ်အဝန်းရှိ ဦးစိုင်းဆမ်လျှိုး အမည်ဖြင့်မြေငှားဂရန်ရရှိထားသော ခြံမြေကွက်နှင့် အဆိုပါ ခြံမြေကွက်ပေါ်ရှိ သီးပင်စားပင်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူအဆိုပြုသည့် ဦးစိုင်းဆမ်လျှိုး(ဘ)ဦးရန်ချွန်းချင်း ၁၃/ကတန(ဧည့်)၀၀၀၂၄၈ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ကေရီဝင်း (ဘ) ဦးမောင်မောင်ဝင်း ၉/ပသက(နိုင်)၀၈၇၉၁၈ မှ တရားဝင်ဝယ်ယူ၍ လက်ရောက်လက်ဝယ် ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာဘုန်းမောင်(LL.B)** — **ဒေါ်လှမြတ်သူ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)** — **(စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)**
**အမှတ် ၄၃၃၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့**
**ဖုန်း-၀၉-၄၂၈၁၂၃၉၄၄**

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ရင်ရွှေ
## မော်လမြိုင်၊ မူးရစ်ကလေး
## အသက် (၉၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၆)လမ်း၊ အမှတ် (၅၁) ၊ ပထမထပ်နေ (ဦးမောင်စိန်-ဒေါ်ကွန်မေ) တို့၏သမီး၊ (ဦးရှည် - ဒေါ်ငွေကြည်) တို့၏ချွေးမ၊ (ဦးဟို၊ စက်လှေပိုင်ရှင်) ၏ဇနီး၊ (ဦးကျော်နိုင်ဦး) ဒေါ်သန်းသန်းဝေ၊ ဒေါ်အေးအေးမော်၊ (ဦးကျော်ဇောနိုင်)၊ (ဦးဝင်းနိုင်)၊ ဒေါ်ရှားရှား၊ ဦးကျော်ကျော်၊ ဒေါ်နှင်းယုခိုင်-ဦးစိုးမိုးလတ်၊ (ဦးစိုးမင်း)၊ ဦးမင်းချစ်ထွေး-ဒေါ်စန်းဝင်းနွယ်တို့၏ မိခင်၊ မြေး(၇)ယောက်တို့၏ အဘွား ဒေါ်ရင်ရွှေ အသက် (၉၄) နှစ်သည် ၂၈-၁၂-၂၀၂၅ ရက် (တနင်္ဂနွေနေ့) ည ၈:၅၅ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် သုခကမ္ဘာဆေးရုံ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၂၆ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါကြောင်း ညှိုးငယ်စွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်လှမွန်
## အသက်(၉၃)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ခြံအမှတ် (စီ/၂၅) နေ (ဦးလှအောင်-ဝဏ္ဏကျော်ထင် ဒေါ်စိန်ပု) တို့၏သမီး၊ ဗိုလ်ကြီးကျော်ညွန့် (ငြိမ်း) ၏ ချစ်လှစွာသောဇနီး၊ ဦးအောင်မြိုင်-ဒေါ်မေဦးကျော်၊ ဦးကျော်စွာလင်း- ဒေါ်မိုးမိုးအေး တို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာထူးပိုင်အောင်၊ မောင်မင်းခန့်ပိုင်၊ မောင်ခန့်လင်းပိုင်၊ မောင်လင်းပိုင်ထက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၉-၁၂-၂၀၂၅ ရက် (တနင်္လာနေ့) ညနေ ၃:၀၅ နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၃၁-၁၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း (ကွေ့ကြီး)သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ မိချောင်းတရာကျေးရွာအုပ်စု၊ ခုံဇင်ကုန်းကျေးရွာနေ ဦးထင်လင်း ၁၄/ကကထ(နိုင်)၁၄၇၂၆၄ နှင့် ဦးထိန်လင်းသည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထင်လင်း (ခ) ဦးထိန်လင်း**
**၁၄/ကကထ(နိုင်)၁၄၇၂၆၄**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ကုလားကုန်းတန်းကျေးရွာတွင် နေထိုင်သော မတင့်တင့်ဇော် ၁၄/ဒဒရ(နိုင်)၂၃၀၃၆၂ ၏ ဖခင်အမည်မှန်မှာ ဦးဇော်(ခ)ဦးမောင်ဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်(ခ)ဦးမောင်ဇော်**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၅)၊ (ည/၁၁) ရပ်ကွက်၊ ထော်ပိုင် (၂) လမ်း၊ မြေကွက်အမှတ် (၆၄၃/က)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀x ၆၀) ရှိ ဦးကျော်လှ အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုလုပ်ရသေးသော အကျယ်အဝန်း ပေ(၁၀x ၆၀) (လမ်းမှရပ်၍ မျက်နှာမူလျှင် ညာဘက်အခြမ်းရှိ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့် ရေ၊ မီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားသူများဖြစ်ကြသော ဒေါ်ကြူကြူမွှေး ၁၂/အစန(နိုင်)၀၁၇၁၇၈၊ ဦးကျော်နိုင်ဦး ၁၂/ရပသ(နိုင်)၀၄၆၇၆၀နှင့် ဦးကျော်မင်းထက် ၁၂/ရပသ(နိုင်)၀၇၁၁၀၈ တို့မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အေးသူ (၁၁/ရသတ(နိုင်)၀၇၈၂၀၃) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဇင်သင်း (LL.B,D.B.L,D.I.L)** | **ဒေါ်မေမြတ်ခင် (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၇၇၇၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၄၃၄)** |

**ရှေ့နေများရုံးခန်း၊ အင်းစိန်ရှေ့နေအသင်း၊ စုပေါင်းရုံးဝင်းကြီး**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၈၄၄၄၀၅၄**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ ကျော်သူ(၁၉)လမ်း၊ မြေကွက်အမှတ်(၈၈၇)၊ မြေပေအကျယ် (၄၀ x ၆၀) ပေရှိ မြေပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၆)ထပ် RC အဆောက်အအုံမှ ရောင်းချသူ ကန်ထရိုက်တာ ဦးမြင့်အောင် ၁၂/အစန(နိုင်)၀၇၉၅၁၀ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် ပထမထပ် (၂-လွှာ/A)၊ (ခေါင်းရင်းခန်း) ၊ အခန်းအကျယ်အဝန်း (၁၇x၅၄) ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိ၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအားအပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B,D.B.L,D.M.L,D.I.L (W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ (၃) လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်လှမွန်
## အသက်(၉၃)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင် - ဒေါ်မေဦးကျော် တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်လှမွန်သည် ၂၉-၁၂-၂၀၂၅ ရက် (တနင်္လာနေ့) ညနေ ၃:၀၅ နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

# ဒေါ်ခင်သက်တင်
## ကြီးကြပ်ရေးမှူး(ငြိမ်း)
## အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်
## အသက်(၇၀)နှစ်

ရန်ကုန်မြို့နေ၊ အမှတ် ၂၆၊ ၄ လွှာ(B)၊ ဗဟိုလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးဘဆောင်း) ဒုတိယညွှန်ကြားရေးမှူး၊ (ငြိမ်း) စက်မှု/အထည် - (ဒေါ်ခင်မြိုင်) တို့၏သမီးကြီး၊ ဒေါ်စန်းစန်းအေး မန်နေဂျာ(ငြိမ်း) (စက်မှု-၁)၊ ကြွေမြေ၊ ဦးအုန်းကျော်(ဌာနစုမှူး-ငြိမ်း) Y.C.D.C - ဒေါ်စန်းစန်းနွယ် (လူမှုဝန်ထမ်း-ငြိမ်း)၊ ဒေါ်ခင်သက်နိုင် (လမ်း/တံတား-Y.C.D.C-ငြိမ်း)၊ (ကိုသိန်းတန်) [စက်မှု(၁)ငြိမ်း]၊ ဒေါ်ယုယုဝေ (ဒုတိယညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နေပြည်တော်) တို့၏ အစ်မကြီး၊ မမေသူခိုင်(Unilever International) ၏ အဒေါ် ဒေါ်ခင်သက်တင်သည် ၂၉-၁၂-၂၀၂၅ ရက် (တနင်္လာနေ့)မွန်းလွဲ ၂:၅၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၃၁-၁၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားနာကို ၄-၁-၂၀၂၆ ရက် (တနင်္ဂနွေနေ့) တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ရဟန်းဒါယိကာမကြီး
# ဒေါ်ခိုင်သန်းဌေး (မှော်ဘီ)
## အသက် (၆၉) နှစ်

ဘီးလင်းမြို့နယ် (ဦးမောင်ဟန်-ဒေါ်ကြူးသင်)၊ မှော်ဘီမြို့နေ(ဦးဘညွန့်-ဒေါ်သိန်းခင်)တို့၏မြေး၊ (ဦးအုန်းသွင်- ဒေါ်စန်းကြည်)တို့၏သမီး၊ မှော်ဘီမြို့၊ အမှတ်(၁)ရပ်ကွက်၊ အနောက်ပိုင်းနေ(ဦးကျင်မောင်-ဒေါ်တင်ကြည်)တို့၏ သမီးချွေးမ၊ ဦးလှိုင်မျိုးမင်း-ဒေါ်ရီရီတင်၊ မငြိမ်းငြိမ်းစုလှိုင်၊ မောင်ကောင်းထက်လှိုင်-မဆုမြတ်နိုးစံတို့၏ကျေးဇူးရှင် မွေးသမိခင်၊ မြေး(၄)ယောက်တို့၏ အဘွား၊ ဦးမျိုးမြင့်(ခ)ဦးစိန်တိုးလေး ၏ဇနီး ဒေါ်ခိုင်သန်းဌေး သည် မှော်ဘီမြို့၊ အမှတ် (၂) ရပ်ကွက်၊ ပန်းဝါ လမ်း၊ အမှတ် (၄၂၃) နေအိမ်တွင် ၂၇-၁၂-၂၀၂၅ ရက် ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် မှော်ဘီမြို့မသုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နတ်စင်လမ်း၊ မြေကွက်အမှတ် (၂၃၂)၊ အကျယ်အဝန်း (၃၃ ပေ x ၆၀ပေ) ရှိ ဦးသိန်းတိုးအောင် ၁၂/အစန(နိုင်)၂၀၂၁၆၂ ပိုင်ဆိုင်သော မြေကွက်နှင့် အဆောက်အအုံ၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသိန်းတိုးအောင် ၁၂/အစန(နိုင်)၂၀၂၁၆၂ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန်းတင် ၁၁/စတန(နိုင်)၀၆၅၂၇၉က (၇-၁-၂၀၁၇) ရက်တွင် "မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ် နှစ်ဦးသဘောတူကတိစာချုပ်"ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ကြောင်းနှင့် လက်ရှိနေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝန်နီလှိုင် LL.B,D.M.L,D.I.L,D.I.R,B.D.S(MOFA)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၃၈/၁၃)**
**အမှတ် (၄၅/၆၁၂)၊ ပေါ်တော်မူ (၃) လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း -၀၉-၄၂၂၄၇၀၆၆၅၊ ၀၉-၇၉၄၉၆၉၂၂၆**

---

### ပတ်စ်ပို့ပျောက်

ရပ်စောက်မြို့၊ ဘန်းကွေးရွာနေ (ဘ) ဦးလားလ်ဗဟာဒူး၏သမီး မနှင်းစန္ဒီဦး ၁၃/ရစန(နိုင်)၀၉၅၁၈၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-951911) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၈၈၇၁၅၈၇၄**

---

### ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက (ခွဲ) ကျောက်နီ Grade-8 မှ မဇင်ဇင်ဖြူမြင့်၏ ဖခင်အမည်မှန်မှာ ဦးအေးဖြူ ၁၃/တကန(နိုင်)၁၆၇၅၃၆ ဖြစ်ပါကြောင်း။

---

### မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ အမက၊ မကျီးစု (၂) တွင် အထွေထွေ လုပ်သားတာဝန်ထမ်းဆောင်နေသူ ဦးဝင်းမြင့် ၈/စတရ(နိုင်)၀၁၂၉၇၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၇-၁၉၆၈ ဖြစ်ပါကြောင်း။

---

### မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ဖအိုင်း(အထက)တွင် သန့်ရှင်းရေး တာဝန်ထမ်းဆောင်နေသူ ဦးဌေးဇော် ၈/စတရ(နိုင်)၀၂၄၅၃၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၀-၁၉၇၃ ဖြစ်ပါကြောင်း။

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်တင်ကြည်
## (ကျောက်ပန်းတောင်း)
## အိရွှေစင်+ ရွှေသဇင် ရတနာရွှေဆိုင်
## အသက် (၉၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် (၁၆၂)(A-1) နေ (ဦးတင်ဆောင်) ၏ဇနီး၊ ဦးခင်ဌေးမောင်၊ ဒေါ်အေးအေးခိုင်၊ ဦးဌေးအောင်၊ ဒေါ်တင်မျိုးခိုင်၊ ဦးအောင်မျိုး၊ ဒေါ်တင်လဲ့ခိုင်၊ ဒေါ်ခင်မျိုးသန့်၊ ဦးကျော်စွာထွန်း တို့၏ ချစ်လှစွာသော မွေးသမိခင် (ဒေါ်တင်ကြည်) သည် ၂၆-၁၂-၂၀၂၅ ရက် (သောကြာနေ့) နံနက် ၃:၃၀ နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၂၆ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ဘုရားအမှူးပြု၍ ပင့်သံဃာတော်များအား ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

# ကျေးဇူးတင်လွှာ

(၂၆-၁၂-၂၀၂၅) ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်တင်ကြည် (ကျောက်ပန်းတောင်း) အသက် (၉၃) နှစ်၊ အိရွှေစင်-ရွှေသဇင် ရတနာရွှေဆိုင် ကျေးဇူးရှင်မိခင်ကြီး စျာပနကိစ္စတွင် ဝိုင်းဝန်းကူညီပေးသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် တယ်လီဖုန်းတို့မှတစ်ဆင့် အားပေးနှစ်သိမ့် ဆက်သွယ်မေးမြန်းကြသူများ၊ ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများ၊ သက်န်းပရိက္ခရာ အစရှိသော လှူဖွယ်ပစ္စည်းအစုစုတို့ကို ပေးပို့လှူဒါန်းကြသူများ၊ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသူများအားလုံးတို့ကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ အောင်သပြေလမ်း၊ မြေကွက်အမှတ် (၉၂၃)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဒေါ်ဟွယ်ကြိမ်း (၁၃/လရန (နိုင်) ၁၃၅၇၄၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ဟွယ်ကြိမ်းထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)** |

**ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၁)၊ ဧရာဝတီလမ်း၊ မြေကွက်အမှတ် (၆၅၇)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဒေါ်နုနုရီ (၁၂/တမန(နိုင်) ၀၄၅၁၅၉) (TGO- ၁၂၇၆၆၉)အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်နုနုရီ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)** |

**ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈**

---

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေကျေးရွာအုပ်စု၊ အမှတ် (၂) ရပ်ကွက်နေ (ဘ) ဦးအောင်မြင့်သိန်း ၁၃/တကန(နိုင်)၀၅၉၉၈၃ နှင့် (မိ) ဒေါ်ခင်စန်းဝင်း ၁၃/တကန(နိုင်)၀၅၉၉၈၄ တို့၏သမီးဖြစ်သူ မအေးအေးအောင် ၁၃/တကန(နိုင်)၃၉၂၉၂၂သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများကိုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်၍ ငွေကြေးကိစ္စ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စရပ်များကိုမျှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်သိန်း-ဒေါ်ခင်စန်းဝင်း**

---

### မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ မူလွန် (ဆားတွင်း) ကျောင်းတွင် အထွေထွေလုပ်သားတာဝန်ထမ်းဆောင်နေသူ ဦးစိုးဝင်း ၈/စတရ(နိုင်)၀၂၀၆၀၃၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၉-၁၉၆၅ ဖြစ်ပါကြောင်း။

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝရပ်ကွက်၊ မာလာနွယ် (၂) လမ်း၊ အမှတ် (၂၇၀)နေ (ဘ)ဦးနိုင်ဝင်း ၁၂/အစန(နိုင်) ၂၁၅၃၀၀ (မိ) ဒေါ်တင်မိုးသူ ၁၂/အစန(နိုင်)၀၀၅၅၆၈တို့၏သားအငယ် မောင်စည်သူစိုး ၁၂/အစန(နိုင်)၂၃၀၀၄၈သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မောင်စည်သူစိုးနှင့် ပတ်သက်၍ လူမှုရေး၊ ငွေရေးကြေးရေး၊ ကိစ္စရပ်များအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ထပ်ဆင့်ကြေညာအပ်ပါသည်။

**မိဘများ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၅၂)**
**တိုက် (၃၄)၊ အခန်း (၃၀၃)၊ အောင်ဇေယျအိမ်ရာ၊ အင်းစိန်မြို့နယ်**

---

### ဖခင်အမည်မှန်

မိုင်းရှူးမြို့နယ်၊ အထက (ဝမ်ကန်)၊ Grade-5 မှ မမေရတီကို၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုကိုလင်း ၁၃/မရန(နိုင်)၀၇၃၁၀၈ ဖြစ်ပါကြောင်း။

---

## သွေးသည် အသက်

❖ **သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကို အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၉ ရက်နေ့တွင် ပြုလုပ်သော မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**



သန်လျင်မြို့နယ်ရှိ စွမ်းအင်ပြတိုက်၌ ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာနေမှုကို တွေ့ရစဉ်။

## သန်လျင်မြို့နယ်ရှိ စွမ်းအင်ပြတိုက်အား မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သန်လျင်ရေနံချက် စက်ရုံဝင်းအတွင်း၌ စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ်နှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အနေဖြင့် စွမ်းအင်ပြတိုက်အား ဒီဇင်ဘာ ၂၄ ရက်မှစတင်၍ တနင်္လာနေ့မှအပ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရှိသည်။

အဆိုပါ ပြတိုက်သို့ တပ်မတော်မှ အငြိမ်းစားအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ သန်လျင်မြို့နေ ပြည်သူများ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်မြို့နှင့် သန်လျင်မြို့ရှိ စိတ်ပါဝင်စားသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းများ၊ သန်လျင်စက်ရုံမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လာရောက်လေ့လာကြည့်ရှုကြပြီး လာရောက်လေ့လာကြသူများကို ပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

စွမ်းအင်ပြတိုက်ကို မြန်မာ့စွမ်းအင်ကဏ္ဍ၏သမိုင်းကြောင်းများကို သိရှိစေရန်၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအတွက် *စာမျက်နှာ ၁၀ ကော်လံ ၁* ❑

## ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း တောင်ကြီး - ပေါ်မူ၊ ပေါ်မူ - တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး(အသွား/အပြန်)ရထားခရီးစဉ်ကို ခရစ္စမတ်ရုံးပိတ်ရက်ကာလဖြစ်သည့် ဒီဇင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်တိုင်တိုင်ပြေးဆွဲပေးခဲ့ရာ ရထားစီးခရီးသည် စီးနင်းမှုများပြားခဲ့ကြောင်း သိရသည်။

ရှုခင်းကြည့်ရထားခရီးစဉ်ကို ပြည်သူများကြိုက်နှစ်သက်ကြပြီး ရထားစီးခရီးသည် များပြားမှုကြောင့် ဒီဇင်ဘာ ၂၅ ရက်နှင့် ဒီဇင်ဘာ ၂၇ ရက်တို့တွင် တောင်ကြီးဘူတာမှ နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် တစ်ရက်နှစ်ကြိမ် အသွား/အပြန် ပြေးဆွဲပေးခဲ့သည်။

ရထားစီးနင်းမှုအနေဖြင့် ဒီဇင်ဘာ ၂၅ ရက်တွင် ပြည်နယ်ဆည်မြောင်းရုံးမှဝန်ထမ်းနှင့် မိသားစုများ၊ နမ့်ဆန်မြို့သူ/မြို့သားများ၊ ရန်ကုန်မြို့မှ ခရီးသွားဧည့်သည်များ၊ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်သူ/ ရပ်ကွက်သားများ၊ ကမ္ဘောဇဘဏ်ဝန်ထမ်းမိသားစုများနှင့် ကျန်ခရီးသည်များ လိုက်ပါကြပြီး နှစ်ခေါက်ပေါင်း ခရီးသည် ရိုးရိုးတန်း ၃၇၂ ဦး၊ အထက်တန်း ၁၂၀ စုစုပေါင်း ၄၉၂ ဦး၊ ဒီဇင်ဘာ ၂၆ ရက်တွင် လွယ်ကောင်းရွာနှင့် ပလီလင်းရွာတို့မှ မိသားစုများ၊ စဝ်စံထွန်းဆေးရုံ ဝန်ထမ်းများနှင့် ကျန်ခရီးသည်များ *စာမျက်နှာ ၁၃ ကော်လံ ၁* ▲



ခရစ္စမတ်ရုံးပိတ်ရက်ကာလ တောင်ကြီး-ပေါ်မူ-တောင်ကြီး ရထားခရီးစဉ်တွင် ခရီးသည်များဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

## အီတလီစီးရီးအေတွင် အင်တာမီလန် အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်

အီတလီစီးရီးအေ ပွဲစဉ် (၁၇) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်သည့် အတ္တလန္တာနှင့် အင်တာမီလန် အသင်းပွဲစဉ်ကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်အသင်းက အဓိကတိုက်စစ်ကစားသမား လော်တာရိမာတီနက်ဇ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားကို တစ်မှတ်အသာဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

နိုင်ပွဲဆက်နေသည့် အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိပြီး *စာမျက်နှာ ၁၃ ကော်လံ ၁* ❍



အတ္တလန္တာအသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် အင်တာမီလန်တိုက်စစ်ကစားသမား မာတီနက်ဇ် အောင်ပွဲခံစဉ်။

**ယနေ့ ဖတ်စရာ**


**ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၂၁ သန်းကျော် ရှိမည်ဟု ခန့်မှန်း**

နိုင်ငံတကာသတင်း စာ ၁၄

**အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများ၏ အဖျက်အမှောင့် လုပ်ရပ်များကြားမှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ဒီမိုကရေစီစနစ်ကိုလိုလားသူပြည်သူလူထုများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့**

ပြည်တွင်းသတင်း စာ ၁၆